# ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက်၊ သောကြာနေ့၊ (22-10-2010) (၆၅၅၉)


# နိုင်ငံတော်အလံ ဥပဒေ၊ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ် ဥပဒေ၊ နိုင်ငံတော်သီချင်း ဥပဒေနှင့် နိုင်ငံတော်အလံ နည်းဥပဒေများ၊ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ် နည်းဥပဒေများ၊ နိုင်ငံတော်သီချင်း နည်းဥပဒေများ ထုတ်ပြန်

**နေပြည်တော် အောက်တိုဘာ ၂၁**

ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် (၈/၂၀၁၀)ဖြင့် နိုင်ငံတော်အလံ ဥပဒေကို လည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် (၉/၂၀၁၀)ဖြင့် နိုင်ငံတော်အထိမ်းအမှတ်တံဆိပ် ဥပဒေကို လည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် (၁၀/၂၀၁၀)ဖြင့် နိုင်ငံတော်သီချင်း ဥပဒေကိုလည်းကောင်း၊ အလားတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ နည်းဥပဒေများ အမှတ် (၁/၂၀၁၀)ဖြင့် နိုင်ငံတော်အလံ နည်းဥပဒေများကို လည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ နည်းဥပဒေများ အမှတ်(၂/၂၀၁၀)ဖြင့် နိုင်ငံတော်အထိမ်းအမှတ်တံဆိပ် နည်းဥပဒေများကို လည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ နည်းဥပဒေများ အမှတ်(၃/၂၀၁၀)ဖြင့် နိုင်ငံတော်သီချင်း နည်းဥပဒေများကိုလည်းကောင်း ၁၃၇၂ ခု၊ သီတင်းကျွတ်လဆန်း ၁၃ ရက်၊ ၂၀၁၀ ပြည့်နှစ် အောက်တိုဘာ ၂၁ ရက် ရက်စွဲဖြင့် ထုတ်ပြန်လိုက်သည်။

## ပြဋ္ဌာန်းရန်လိုအပ်လာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ အကောင်အထည်ဖော်ရေးအတွက် ကြိုတင်ဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းရပ်များကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆောင်ရွက်ပေးရန် ပြဋ္ဌာန်းထားသည့်အလျောက် နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းများကို ချောမွေ့စွာ ဆောင်ရွက်နိုင်ရန်လည်းကောင်း၊ လွှတ်တော်အသီးသီး ပေါ်ပေါက်လာသည့်အခါတွင် ဆောင်ရွက်ရန်ရှိသော လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်လည်းကောင်း၊ ကြိုတင်ဆောင်ရွက်ရမည့် လုပ်ငန်းရပ်များကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန် လည်းကောင်း သက်ဆိုင်ရာဥပဒေများကို ပြဋ္ဌာန်းရန် လိုအပ်လာသည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖော်ပြပါ ဥပဒေနှင့် နည်းဥပဒေများကို ပြဋ္ဌာန်းလိုက်ခြင်းဖြစ်ကြောင်း သိရှိရသည်။

အဆိုပါဥပဒေနှင့် နည်းဥပဒေများကို ယနေ့ထုတ် သတင်းစာများတွင် အချပ်ပိုအဖြစ် ထည့်သွင်းဖော်ပြပေးထားသည်။

(သတင်းစဉ်)



**နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် ဝန်ထမ်းများ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုကြစဉ်။** (သတင်းစဉ်)



# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံ စတင်လွှင့်ထူခြင်း အခမ်းအနား နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက်အလေးပြု

နေပြည်တော် အောက်တိုဘာ ၂၁

**၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၄၃၇) ပုဒ်မခွဲ (က)တွင် ပြဋ္ဌာန်းထားသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား စတင်လွှင့်ထူခြင်းအခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး မျက်နှာစာ၌ ကျင်းပရာ အဆိုပါအခမ်းအနားသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက်အလေးပြုသည်။**

စာမျက်နှာ ၃ ကော်လံ ၁ သို့☆

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror
၂၂-၁၀-၂၀၁၀ (သောကြာနေ့)

# ရိုးမဖြတ် ကတ္တရာလမ်းများ အဆင့်မြှင့်တင်

လမ်းပန်းဆက်သွယ်ရေးသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် စွမ်းအားတစ်ခု။ ကုန်သွယ်စီးပွားလုပ်ငန်းများ၏ အခြေခံအဆောက်အအုံတစ်ခု။ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့ကောင်းမွန်မှသာ ပြည်သူများ၏ လူမှုစီးပွား မြင့်မားလာမည်ဖြစ်ရာ နိုင်ငံတစ်ဝန်း ကားလမ်းသစ်၊ ရထားလမ်းသစ်ကွန်ရက်များကို လက်ယှက်ထိုး ဖောက်လုပ်ပေးလျက်ရှိသည်။

ယခုအခါ မော်တော်ကားလမ်းကွန်ရက်များနှင့် မီးရထားလမ်းကွန်ရက်များကို တိုးချဲ့ဖောက်လုပ်လျက်ရှိရာ မြန်မာနိုင်ငံမြောက်ဖျားရှိ ပူတာအိုမှသည် တောင်ဘက်ဖျားရှိ ကော့သောင်းမြို့အထိ ဆက်သွယ်သွားလာနိုင်ကြပြီ။ နိုင်ငံအရှေ့ဖျားရှိ မူဆယ်၊ လားရှိုး၊ ကျိုင်းတုံမြို့တို့မှ အနောက်ဘက်ဖျားရှိ စစ်တွေမြို့အထိ မော်တော်ကားဖြင့် ရာသီမရွေး သွားလာနိုင်လျက်ရှိသည်။

တောတောင် လျှိုမြောင်၊ မြစ်ချောင်းကြီးများ ကာဆီးနေစေကာမူ အတတ်ပညာရှင်တို့၏ စွမ်းပကားဖြင့် လမ်းသစ်များဖောက်၍ တံတားသစ်များ တည်ဆောက်ကာ ခရီးရောက်နိုင်ကြပေပြီ။ အလယ်ရိုးမတောင်တန်းကြီး ကာဆီးနေမှုကြောင့် ခရီးမပေါက်ခဲ့သည့်ဒေသများ၊ ဒေသထွက်ကုန်တင်ပို့ရောင်းဝယ် နှောင့်နှေးနေမှုများသည် ရိုးမဖြတ်ကျော်လမ်းများ ဖွင့်လှစ်နိုင်၍ လွယ်လင့်တကူ ဆက်သွယ်သွားလာနိုင်ကြပြီဖြစ်သည်။

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်တို့ကို ဆက်သွယ်ဖောက်လုပ်ထားသည့် ပျော်ဘွယ်-ရွာမွန်-နတ်မောက်-ကန်ပြား ကတ္တရာလမ်းကို အောက်တိုဘာ ၁၀ ရက်က ဖွင့်လှစ်လိုက်သည်။ မိုင် ၉၀ ကျော်ရှည်သော အလယ်ရိုးမကို ဖြတ်ကျော်ဖောက်လုပ်ထားသည့် အရှေ့နှင့် အနောက်ရိုးမ ဖြတ်လမ်းဖြစ်သည်။ ယခင်က ကျောက်ချောလမ်းရိုးဟောင်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်တိုးချဲ့ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ရာသီမရွေး ဆက်သွယ်သွားလာနိုင်သဖြင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုလုပ်ငန်းများ ပိုမိုတိုးတက် မြန်ဆန်လာလျက်ရှိသည်။

မကွေးတိုင်းဒေသကြီးအတွင်း ရိုးမဖြတ်လမ်းမကြီးလေးလမ်းကို ဖောက်လုပ်လျက်ရှိရာ ပျော်ဘွယ်-ရွာမွန်-နတ်မောက်-ကန်ပြားလမ်းသည် တစ်ခုအပါအဝင်ဖြစ်သည်။ အဆိုပါ ရိုးမဖြတ်လမ်းမကြီး ဖွင့်လှစ်နိုင်သည့်အတွက် ဖောက်လုပ်ပြီး လမ်းကွန်ရက်များမှတစ်ဆင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ ဆက်သွယ်သွားလာနိုင်ကြသည်။ ဒေသထွက်ကုန်များ ပိုမိုမြန်ဆန်စွာ သယ်ယူပို့ဆောင်ပေးနိုင်နေပေပြီ။

နိုင်ငံအတွင်း၌ ရေမြေသဘာဝ ရာသီဥတုကောင်းမွန်သည်။ သီးနှံစုံစိုက်ပျိုးဖြစ်ထွန်းသည်။ သစ်တောသယံဇာတများ ကြွယ်ဝသည်။ ရိုးမဖြတ်ကျော် ကားလမ်း၊ ရထားလမ်းများဖောက်လုပ် အဆင့်မြှင့်တင်ပေးနိုင်မှုနှင့်အတူ ကုန်သွယ်စီးပွားလုပ်ငန်းများ ဖွံ့ဖြိုးဝေစည်လာမည်။ ဒေသ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးအခြေအနေများ ပိုမိုတိုးတက်မြင့်မားလာမည် ဖြစ်ပါသည်။ ။



## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေး ဆွေးနွေးဟောပြော

**ရန်ကုန် အောက်တိုဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့၊ ကြေးမုံ ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ အမှတ်(၁) ယာဉ်ထိန်းနယ်မြေမှ ဒုတိယရဲမှူးမြင့်ကြည်နှင့်အဖွဲ့သည် အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းတွင် လှိုင်သာယာမြို့နယ် ဇန်းမော်အတွင်းဝန်လမ်းရှိ ဥရောပ-အာရှ ကော်မာရှယ် ကုမ္ပဏီလီမိတက်မှ ကုမ္ပဏီ ယာဉ်မောင်း ၃၅ ဦးတို့အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေး ဟောပြောဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။**(အပေါ်ပုံ)**(သတင်းစဉ်)

## သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# အင်းသား ရိုးရာလှေပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနား တိုင်းမှူး ဗိုလ်မှူးချုပ်ဆန်းဦး တက်ရောက် ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၁

**တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော် ကျင်းပရေးဦးစီးကော်မတီနှင့် ဆပ်ကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁၄ ရက်တွင် တောင်ကြီးမြို့ အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဆန်းဦး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။**

ထို့နောက် လုပ်ငန်းကော်မတီများက မိမိတို့၏ လုပ်ငန်းကော်မတီများအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တိုင်းမှူးနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်းတို့သည် အောက်တိုဘာ ၁၅ ရက်တွင် ညောင်ရွှေမြို့ ဖောင်တော်ဆိပ်၌ ကျင်းပသည့် အင်းသားရိုးရာလှေပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်ကြသည်။

ပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားအလိုက် လှော်ခတ်ယှဉ်ပြိုင်ကြရာ တိုင်းမှူး၊ ဝန်ကြီးနှင့် အခမ်းအနား တက်ရောက်လာကြသူများက တပျော်တပါးကြည့်ရှုအားပေးကြပြီး ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ တာဝန်ရှိသူများက ဆုရရှိကြသည့် အသင်းများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဝန်ကြီးက အမျိုးသား ၄၆ တက် ပထမနှင့် ဒုတိယဆုရ လှေလှော်အသင်းများအား လည်းကောင်း၊ တိုင်းမှူးက အမျိုးသားရာကျော်လှေ ပထမနှင့် ဒုတိယဆုရ လှေလှော်အသင်းများအား လည်းကောင်း ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဆုဖလားများအား ပေးအပ်ချီးမြှင့်ကြပြီး တိုင်းမှူး၊ ဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုရလှေလှော်အသင်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## တရုတ်-အာဆီယံ ကုန်စည်ပြပွဲသို့ တက်ရောက်ရန်ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၂၁**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးပြည်နယ် နန်နင်းမြို့၌ အောက်တိုဘာ ၂၀ ရက်မှ ၂၄ ရက်အထိ ကျင်းပမည့် (၇)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ (7th China-ASEAN Expo 2010)သို့ တက်ရောက်ရန်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးမျိုးသန့်နှင့် အဖွဲ့သည် အောက်တိုဘာ ၁၃ ရက် နံနက်တွင် လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်နှင့် အဖွဲ့သည် အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းတွင် လည်းကောင်း လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားရာ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးပြည်နယ် နန်နင်းမြို့၌ ကျင်းပမည့် (၇)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲသို့ တက်ရောက်မည့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဦးမျိုးသန့်နှင့် အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သူများနှင့် အတူတွေ့ရစဉ်။** (သတင်းစဉ်)



## ပန်းတောင်းမဂ္ဂဇင်း အမှတ်(၉)ထုတ်ဝေမည်

**ရန်ကုန် အောက်တိုဘာ ၂၁**

ပန်းတောင်းမဂ္ဂဇင်း အမှတ်(၉)ကို ၂၀၁၁ခုနှစ် ဖေဖော်ဝါရီလအတွင်း ထုတ်ဝေမည်ဖြစ်ရာ စာမူပေးပို့လိုသူများသည် နိုဝင်ဘာ ၃၀ ရက် နောက်ဆုံးထား၍ ဦးခင်စိုး-စာတည်းမှူး (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့သို့ ပေးပို့နိုင်ကြောင်းနှင့် ပန်းတောင်းမြို့တွင် ဆရာကြီး ဦးတင်ထွတ်ထံ ပေးပို့နိုင်ကြောင်း သိရှိရသည်။

(ကြေးမုံ)

## "အေးချမ်းသာယာပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရရှိသူများစာရင်းထုတ်ပြန်

**ရန်ကုန် အောက်တိုဘာ ၂၁**

၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို "အေးချမ်းသာယာပြည်မြန်မာ" ဟူသော ခေါင်းစဉ်ဖြင့် စီစဉ်ကျင်းပခဲ့သည်။

အဆိုပါ ရောင်စုံဓာတ်ပုံပြိုင်ပွဲသို့ မြန်မာနိုင်ငံအနှံ့အပြားမှ ဓာတ်ပုံပညာရှင် ၉၁ ဦးက ပြိုင်ပွဲဝင်ဓာတ်ပုံ ၄၃၃ ပုံ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပထမဆု ကျော်ဝင်းလှိုင် (ယဉ်ကျေးမှုတက္ကသိုလ်)၊ ဒုတိယဆု စောအောင်မင်း A.M.P.S (နယူးအာရှဓာတ်ပုံ)၊ တတိယဆု ပြည်စိုးထွန်း (ပန်းချီ)တို့က ရရှိခဲ့ကြသည်။ အထူးဆုများအဖြစ် ထွန်းနိုင်စိုး၊ ကျော်ကျော်ဝင်း (MPS)၊ အောင်ဆန်း (တောင်ကြီး)၊ ကျော်ဝင်းလှိုင် (ယဉ်ကျေးမှုတက္ကသိုလ်)၊ ဘာမျှဒါသက်နိုင်တို့က ဆုများအသီးသီး ရရှိကြသည်။ ဆုရရှိကြသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် Myanmar Golden Rock International Co., Ltd.တို့က ဆုများထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ဆုပေးပွဲကျင်းပမည့်ရက်ကို ထပ်မံအကြောင်းကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ပေးအပ်လှူဒါန်း

**ကျောက်တန်းမြို့နယ် အရှေ့ပိုင်းရပ်ကွက် သမာဓိလမ်းနေ ဦးနေသူလင်း- ဒေါ်စုစုဟန်၊ သမီး မနဒီအောင်လင်း၊ မမေမြတ်ခြယ် မိသားစုက ကျောက်တန်းဘိုးဘွားရိပ်သာ ငွေပဒေသာပင်သို့ အလှူငွေကျပ်တစ်သိန်းကို ဘိုးဘွားရိပ်သာအတွင်းရေးမှူး ဦးစိန်တင်ထံ ပေးအပ်လှူဒါန်းရာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ချီးမြှင့်စဉ်။** (၇၄)

## (၂၆၂)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲ၌ ဆုမဲပေါင်း ၁၄၀၆၉ ဆု ဖွင့်လှစ်ပေးမည်

**ရန်ကုန် အောက်တိုဘာ ၂၁**

(၂၆၂)ကြိမ်မြောက် ငွေကျပ် ၂၀၀ တန် အောင်ဘာလေ သိန်းဆုဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့် အမှတ် (၃၈၄)ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ နိုဝင်ဘာ ၁ ရက်တွင် နံနက် ၈ နာရီမှ စတင်၍ ညနေ ၄ နာရီအထိ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

တန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ် သိန်း ၁၀၀၀ တစ်ဆု၊ ငွေကျပ် သိန်း ၅၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၃၀၀ နှစ်ဆု၊ ငွေကျပ် သိန်း ၂၀၀ ငါးဆု၊ ငွေကျပ် သိန်း ၁၀၀ (၁၃) ဆု၊ ငွေကျပ် ၁၀သိန်း ၂၈၆ ဆု၊ ငွေကျပ် ငါးသိန်း သုံးဆု၊ ငွေကျပ် သုံးသိန်း ၁၄၄ ဆု၊ ငွေကျပ် နှစ်သိန်း ၁၂၆၀ဆုနှင့် ငွေကျပ် တစ်သိန်း ၁၂၃၅၄ဆု အပါအဝင် ဆုမဲပေါင်း ၁၄၀၆၉ဆု ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား စတင်လွှင့်ထူခြင်းအခမ်းအနားကို နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး မျက်နှာစာ၌ ကျင်းပစဉ်။ (သတင်းစဉ်)

☆ရှေ့ဖုံးမှ

အခမ်းအနားမစတင်မီ ရှေးဦးစွာ ဝန်ထမ်းများနှင့် ဂုဏ်ပြုတပ်ဖွဲ့ တီးဝိုင်းတို့က သတ်မှတ်နေရာအသီးသီးတွင် နေရာယူကြသည်။ ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ရောက်ရှိလာပြီး သတ်မှတ်နေရာတွင် နေရာယူသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလံတိုင်ထိပ်သို့ အစီအစဉ်အတိုင်း လွှင့်တင်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဝန်ထမ်းများနှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုသည်။ နိုင်ငံတော်အလံသစ်အား အလေးပြုစဉ် ဂုဏ်ပြုတပ်ဖွဲ့တီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားကျင်းပရာနေရာမှ ပြန်လည်ထွက်ခွာသွားသည်။

အလားတူ တိုင်းစစ်ဌာနချုပ်များ၊ နေပြည်တော်ရှိ ဝန်ကြီးဌာနများနှင့် ဗဟိုရုံးများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများတွင်လည်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံ လွှင့်ထူခြင်းအခမ်းအနားများကို တစ်ပြိုင်တည်းကျင်းပကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)





မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာသော် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုကောင်စီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုကောင်စီအစည်းအဝေး ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၁

**မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုကောင်စီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဒက္ခိဏသီရိမြို့နယ်ရှိ အသင်း အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာသော်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်ဝေဝေသောနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဗဟိုကောင်စီဝင်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ တက်ရောက်ကြသည်။**

ရှေးဦးစွာ သဘာပတိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း စတင်ဖွဲ့စည်းခဲ့သည့် ၁၉၉၁ ခုနှစ်မှ ယနေ့ကာလအထိ ၁၉ နှစ်တာကာလ သက်တမ်းတစ်လျှောက် ဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍကြီး (၄)ရပ်စလုံးတွင် တစ်နှစ်ထက်တစ်နှစ် ပိုမိုပိုပြင်အောင် ဆောင်ရွက်နိုင်ခဲ့ပြီး နိုင်ငံတော်ကအားထားရမည့် အမျိုးသားအင်အားစုအသင်းကြီးအဖြစ် ရပ်တည်လာနိုင်ခဲ့ကြောင်း၊ ဘာသာယဉ်ကျေးမှု ဓလေ့ထုံးစံမတူညီမှုနှင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများရှိလင့်ကစား ဝေးလံခေါင်ဖျားသော နေရာများသို့ ရောက်အောင် အသင်းကြီး၏ ယုံကြည်ချက်နှင့် ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ ဆောင်ရွက်ချက်များအား အသိအမှတ်ပြုပါကြောင်း။

ဗဟိုအဆင့်မှ ကျေးလက်ဒေသအောက်ခြေအထိ စနစ်တကျ အဆင့်ဆင့်ဖွဲ့စည်းထားသည့် လူမှုရေးအသင်းကြီးဖြစ်သည်နှင့်အညီ မိမိတို့၏ လုပ်ငန်းဆောင်ရွက်ချက်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်သည့် ရည်မှန်းချက်တူညီသော အစိုးရအဖွဲ့အစည်း၊ လူမှုရေးအဖွဲ့အစည်းများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ဆောင်ရွက်ခွင့်ရရှိရေးအတွက် အထူးအလေးထား ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်သဇင်နွယ်က ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာများအပေါ် သုံးသပ်ချက်များကို ရှင်းလင်းပြောကြားပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့များက လိုအပ်ချက်များကို ပြန်လည်တင်ပြ ဆွေးနွေးကြသည်။

ဆက်လက်၍ အသင်းဥက္ကဋ္ဌက မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို)မှ ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးနှင့် လူမှုရေးစောင့်ရှောက်မှု လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းစီကို တာဝန်ရှိသူများထံ ပေးအပ်သည်။

ထို့နောက် ဒုတိယဥက္ကဋ္ဌက စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး အတွင်းရှိ IPPF/ BMZ စီမံချက်ဝင် သားဖွားခန်းများအတွက် သားဖွားခန်းသုံးပစ္စည်းနှင့် ဆေးဝါးများ ပံ့ပိုးလှူဒါန်းပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မီးဘေးကာကွယ်ရေး စည်းဝေး

**တောင်ငူ အောက်တိုဘာ ၂၁**

တောင်ငူမြို့ မီးဘေးကာကွယ်တားဆီးရေးအဖွဲ့မှ ပွင့်လင်းရာသီအကြိုလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁၂ရက်က ရွှေဆံတော်ဘုရား ဂေါပကရုံး ခန်းမ၌ကျင်းပရာ အဖွဲ့နာယက ဦးကျော်လှ (သမာဓိ)နှင့် ဥက္ကဋ္ဌ ဦးရဲဝင်း (ရွှေဝါ-ပဲဆီသန့်) တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ မီးသတ်မော်တော်ယာဉ်များ ကြံ့ခိုင်ကောင်းမွန်ရေး၊ မြို့ပေါ်နှင့် ရပ်ကွက်များရှိ မီးသတ်ရေကန်များ ရေဖြည့်ဆည်းရေးနှင့် အခြားလိုအပ်ချက်များကို အဖွဲ့ဒုတိယဥက္ကဋ္ဌဦးရဲမြင့် (ပွဲရုံလုပ်ငန်း)၊ အတွင်းရေးမှူး ဦးမောင်မောင်ကျော်(ဆန်ပွဲရုံ)၊ တွဲဖက်အတွင်းရေးမှူး ဦးကြည်လင်း၊ ဘဏ္ဍာရေးမှူး ဦးစံအေး (အေး-မိတ္တူ)နှင့် ဦးတင့်ဆွေ(ခေတ္တ-ခရိုင်မီးသတ်ဦးစီးမှူး)တို့က ညှိနှိုင်းဆွေးနွေးကြကြောင်းသိရသည်။

(၄၇၂)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၂၂-၁၀-၂၀၁၀ (သောကြာနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၅ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၉။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၁။ ပြီးပါပြီ။

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၄၀ ၃။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၄း၄၅ ၄။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၄း၅၀ ၅။ မဟာဂီတချိုကြည်မြ
- ၅း၀၀ ၆။ မျိုးချစ်တပ်မတော်
- ၅း၀၅ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၅း၁၅ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၅း၂၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ -ပုစဉ်းတို့၏လျှို့ဝှက်ကမ္ဘာ (အပိုင်း-၁)
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၃။ လျှပ်တစ်ပြက်
- ၆း၃၀ ၁၄။ "ရွာ"ဟာသဇာတ်လမ်းတွဲ
- ၆း၄၅ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်ကြိုးယှက်နွယ် (အပိုင်း-၂၀)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ နိုင်ငံရေးပါတီများ ဟောပြောချက်
- ၂၀။ ဘယ်လိုမဲပေးကြမှာလဲ
- ၂၁။ နိုင်ငံတကာသတင်း
- ၂၂။ မိုးလေဝသသတင်း
- ၂၃။ သံစဉ်များနှင့်ကမ္ဘာ
- ၂၄။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သိုင်းသမားခုနစ်ဖော် (အပိုင်း-၇)**
- ၂၆။ ကျန်းမာခြင်းရဲ့လျှို့ဝှက်ချက်
- ၂၇။ သင့်အတွက်မနက်ဖြန်
- ၂၈။ အပိတ်နှုတ်ဆက်စကား
- ၂၉။ ပြီးပါပြီ။

## ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

**ရန်ကုန် အောက်တိုဘာ ၂၁**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Rimbunan Petrogas Ltd. သည် မုတ္တမကမ်းလွန် လုပ်ကွက်အမှတ် M-1 တွင် Geophysical Site Survey (GSI) တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေး ရေယာဉ် MV Genesis ဖြင့် အောက်တိုဘာ ၂၅ ရက် မှ နိုဝင်ဘာ ၁၀ ရက် အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

Geophysical Site Survey (GSI) တိုင်းတာရေးဆောင်ရွက်မည့် လမ်းကြောင်းတစ်လျှောက် တည်နေရာများမှာ Point -A မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၁၆ မိနစ် သုည ဒသမ ၃၁၈၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၉ မိနစ် ၄၇ဒသမ ၄၈၂၁ စက္ကန့်၊ Point -B မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၁၅ မိနစ် ၃၇ ဒသမ ၂၂၅၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၄ မိနစ် ၂ ဒသမ ၆၉၉၃ စက္ကန့်၊ Point -C မြောက်လတ္တီတွဒ် ၁၆ဒီဂရီ ၀၄ မိနစ် ၃၁ ဒသမ ၀၄၄၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၄၃ မိနစ် ၅၁ ဒသမ ၄၂၄၉ စက္ကန့်နှင့် Poin-D မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၄ မိနစ် ၅၃ ဒသမ ၈၈၇၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၁၉ မိနစ် ၃၅ ဒသမ ၀၆၂၆ စက္ကန့် အတွင်းတွင် ဖြစ်သည်။

သို့ဖြစ်၍ မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-1 တွင် Geophysical Site Survey (GSI) တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV Genesis ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်း၊ ငါးဖမ်းကိရိယာ၏ အထောက်အကူပြုပစ္စည်းများဖြစ်သည့် ဝါးပိုးဝါးများ သွယ်တန်းစိုက်ထားခြင်းနှင့် ကျားပိုက်များ သွယ်တန်းချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားသည်။ (သတင်းစဉ်)



# ကမ္ဘာ့အစီအစဉ်သစ်တစ်ရပ် ဖော်ဆောင်ရန် အီရန်နှင့် ဗင်နီဇွဲလားခေါင်းဆောင်များ တိုက်တွန်း

**တီဟီရန် အောက်တိုဘာ ၂၁ -** အမေရိကန်ပြည်ထောင်စုကို နယ်ချဲ့ဝါဒီအဖြစ် ဗင်နီဇွဲလားနှင့် အီရန်နိုင်ငံတို့က ရှုတ်ချလိုက်ပြီး ကမ္ဘာ့ရေးရာအဖြာဖြာတွင် အနောက်နိုင်ငံများက ခြယ်လှယ်နေမှုကို ဖယ်ရှားရန်အတွက် ကမ္ဘာ့အစီအစဉ်သစ်တစ်ရပ်ကို ဖော်ဆောင်ရန် တောင်းဆိုခဲ့ကြကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

ကမ္ဘာပေါ်တွင် လက်ရှိဖြစ်ပေါ်နေသော တရားမမျှတမှုများကို အဆုံးသတ်၍ တရားမျှတမှု အပေါ်အခြေခံသည့် ကမ္ဘာ့အစီအစဉ်သစ်တစ်ရပ်ကို ဖော်ဆောင်ရန်လိုအပ်ကြောင်း အီရန်သမ္မတ အာမာဒီနီဂျက်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

အီရန်သမ္မတနှင့် ယင်းနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်တို့အကြား ဆက်ဆံရေးသည် မဟာဗျူဟာမြောက် မိတ်ဖက်အခြေအနေဖြစ်ကြောင်း အီရန်မီဒီယာများတွင် ဖော်ပြထားသည်။

သမ္မတနှစ်ဦးစလုံးက အမေရိကန်ပြည်ထောင်စုကို နယ်ချဲ့ဝါဒီအဖြစ်ရှုတ်ချခဲ့ပြီး ၎င်း၏ ဆန့်ကျင်ဘက်လုပ်ရပ်များကြောင့် ဗင်နီဇွဲလားနှင့် အီရန်အကြား ဆက်ဆံရေး ထိခိုက်လိမ့်မည် မဟုတ်ကြောင်း ပြောကြားသည်။

**အေပီ။**

# အချင်းချင်းသေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်သူ အမေရိကန်တပ်ဖွဲ့ဝင်ကို တရားစွဲဆို

**ဘဂ္ဂဒက် အောက်တိုဘာ ၂၁**

အီရတ်နိုင်ငံ၌ လုပ်ဖော်ကိုင်ဖက်တပ်ဖွဲ့ဝင်များကို သေနတ်ဖြင့်ပစ်ခတ်တိုက်ခိုက်ခဲ့သော အာဖရိကတပ်ဖွဲ့ဝင်တစ်ဦးကို အောက်တိုဘာ ၂၀ရက်က တရားစွဲဆိုခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

အမေရိကန်တပ်ဖွဲ့ဝင်များ အချင်းချင်းငြင်းခုံကြရာမှ နက်ဖ်တာလေပလာတီရိုအမည်ရှိ တပ်ဖွဲ့ဝင်က တခြားတပ်ဖွဲ့ဝင်များကို သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာနှစ်ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရခဲ့သည်။ အဆိုပါ ဖြစ်စဉ်သည် ဘဂ္ဂဒက်မြို့ အနောက်ဘက် မိုင် ၄၀ခန့်အကွာရှိ ဖလူးဂျာမြို့၌ စက်တင်ဘာ ၂၃ရက်ကဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ပလာတီရို၏ ပစ်ခတ်တိုက်ခိုက်မှုသည် တင်ကူးကြံစည်ထားသည့် လုပ်ရပ်ဖြစ်ကြောင်း ဘဂ္ဂဒက်မြို့ရှိ အမေရိကန် စစ်ဘက်က အောက်တိုဘာ ၂၀ရက်တွင် ထုတ်ပြန်သောကြေညာချက်၌ ဖော်ပြထားသော်လည်း အသေးစိတ် ထုတ်ဖော်ခြင်း မရှိပေ။

စကားအချေအတင်များရာမှ ပလာတီရိုက အခြားတပ်ဖွဲ့ဝင်သုံးဦးကို ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း အမေရိကန်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက စောစောပိုင်းတွင် ပြောကြားခဲ့သည်။ သို့ရာတွင် မည်သည့်ကိစ္စနှင့်ပတ်သက်၍ စကားအချေအတင်ဖြစ်ခဲ့သည်ကို မသိရသေးကြောင်း ၎င်းက ပြောကြားခဲ့သည်။ **အေပီ။**



# ဖြစ်မှုထူပြောသော မက္ကဆီကို နယ်စပ်မြို့၌ ရဲတပ်ဖွဲ့မှူးအဖြစ် ကျောင်းသူတစ်ဦးခန့်အပ်ခံရ

**မက္ကဆီကိုစီးတီး အောက်တိုဘာ ၂၁**

မက္ကဆီကိုနိုင်ငံရှိ ရာဇဝတ်မှု ထူပြောသော နယ်စပ်မြို့တစ်မြို့၏ ရဲတပ်ဖွဲ့အကြီးအကဲအဖြစ် အသက် (၂၀) အရွယ်ရှိ ကျောင်းသူလေးတစ်ဦး ခန့်အပ်ခံရကြောင်း သတင်းမီဒီယာများက အောက်တိုဘာ ၂၁ ရက်တွင် ရေးသားဖော်ပြသည်။

ပြစ်မှုဗေဒဘာသာရပ်ကို ဆည်းပူးနေသူ မာရီဆိုလ် ဗဲလက်စ်ဂါစီယာဆိုသူ အမျိုးသမီးလေးသည် ဂွါဒါလူ ဒစ္စထရီတိုဘရာဘိုမြို့၏ ရဲတပ်ဖွဲ့မှူးအဖြစ် ရွေးချယ်ခံရသည်။ အဆိုပါ ရဲတပ်ဖွဲ့မှူး ရာထူးအတွက်လျှောက်ထားသူမှာ သူမတစ်ဦးတည်းသာရှိကြောင်း သတင်းတွင် ဖော်ပြသည်။

လူဦးရေ ၁၀၀၀၀ ခန့်ရှိဂွါဒါလူဒစ္စထရီတိုဘရာဘိုမြို့သည် အမေရိကန် နယ်စပ်ဒေသနှင့် ထိစပ်နေပြီး မက္ကဆီကိုနိုင်ငံတွင် ရာဇဝတ် ပြစ်မှု အထူပြောဆုံး မြို့တစ်မြို့ဖြစ်သည်။

အဆိုပါမြို့၏ မြို့တော်ဝန်ဟောင်း လာရာရိုးဒရစ်မှာ မူးယစ်ဆေးဝါး ဂိုဏ်းများ၏ ခြိမ်းခြောက်မှုများကို တွေ့ကြုံ ခဲ့ရပြီး ဇွန်လ ၁၉ ရက်က လုပ်ကြံသတ်ဖြတ်ခံခဲ့ရသည်။

မိမိသည် မူးယစ်ဆေးဝါးဂိုဏ်းများကို ဖြိုခွင်းသွားမည် မဟုတ်ကြောင်း၊ သို့ရာတွင် ရပ်ကွက်များနှင့် စာသင်ကျောင်းများ၌ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး အစီအစဉ်များကို ချမှတ်ဆောင်ရွက်မည်ဖြစ်ကြောင်း ဗဲလက်စ်ဂါစီယာက ပြောကြားသည်။ **အင်တာနက်။**

# အမေရိကန်ကိုတုံ့ပြန်ရန် ချာဗက်ဇ်က ဆီးရီးယားနှင့် ဆက်ဆံရေးတိုးမြှင့်

**ဒမတ်စကတ် အောက်တိုဘာ ၂၁ -** ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်သည် သူ၏ နိုင်ငံတကာ ခရီးစဉ်တွင် အရှေ့အလယ်ပိုင်း အစီအစဉ်တစ်ရပ်အဖြစ် ဆီးရီးယားနိုင်ငံသို့ရောက်ရှိကာ နှစ်နိုင်ငံဆက်ဆံရေးခိုင်မာရန် ကြိုးပမ်းခဲ့ကြောင်း ဝါရှင်တန်ပို့စ် သတင်းစာက ကြာသပတေးနေ့တွင် ဖော်ပြသည်။

ယင်းခရီးစဉ်သည် ၎င်းခေါ်ဆိုလေ့ရှိသော အမေရိကန် နယ်ချဲ့ဝါဒကို တန်ပြန်ရန် ရည်မှန်းချက်၏ အစိတ်အပိုင်း ဖြစ်သည်ဟုဆိုသည်။

အီရန်နိုင်ငံ တီဟီရန်မြို့မှ ဗုဒ္ဓဟူးနေ့တွင် ထွက်ခွာခဲ့ခြင်း ဖြစ်သည်။ တီဟီရန်တွင် ချာဗက်ဇ်နှင့် အီရန်သမ္မတ မာမွတ် အာမာဒီနီဂျက်တို့နှစ်ဦးက ၎င်းတို့သည် ကမ္ဘာ့အစီအစဉ်အသစ် ထူထောင်ရန်အတွက် လက်တွဲ ကြိုးစားကြမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ယင်းအစီအစဉ်အသစ်သည် ကမ္ဘာ့ရေးရာများတွင် အနောက်အုပ်စု၏ အုပ်စိုးခြယ်လှယ်မှုကို ဖယ်ရှားပစ်မည်ဟု ဆိုသည်။

အမေရိကန်သမ္မတ ဘာရတ်အိုဘားမားသည် သမ္မတရာထူးရရှိပြီးကတည်းက ဆီးရီးယားနိုင်ငံကို အကြိမ်ကြိမ်ချဉ်းကပ်ခဲ့သည်။ သို့သော် ဆီးရီးယားက ဗင်နီဇွဲလား၊ အီရန်နိုင်ငံကဲ့သို့သော အမေရိကန်အစိုးရကို ပွင့်လင်းစွာ ဝေဖန်လေ့ရှိသည့် နိုင်ငံများနှင့် ဆက်ဆံရေးတိုးမြှင့်လျက်ရှိသည်။

ချာဗက်ဇ်သည် အရှေ့အလယ်ပိုင်းသို့ မရောက်မီ ရုရှား၊ ဘီလာရုစ်(စ်)နှင့် ယူကရိန်းနိုင်ငံများသို့လည်း သွားရောက်လည်ပတ်ခဲ့သည်။ ဆက်လက်၍ လစ်ဗျားနှင့် ပေါ်တူဂီနိုင်ငံများသို့လည်း ခရီးဆက်မည်ဖြစ်သည်။

**အေပီ။**



ဆီးရီးယားသမ္မတ ဘာရှား အယ်လ်အက်ဆက်ဒ်နှင့် ဗင်နီဇွဲလား သမ္မတ ဟူဂိုချာဗက်ဇ်တို့ကို ဒမတ်စကတ်မြို့၌ ကြိုဆိုဂုဏ်ပြုစဉ်။

# ဖိလစ်ပိုင်တွင် ဘတ်စ်ကားဗုံးကွဲ ၁၀ ဦးသေဆုံး

**မနီလာ အောက်တိုဘာ ၂၁**

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း မြောက်ကိုတာဘာတိုပြည်နယ် မာတာလန်မြို့နယ်၌ ကြာသပတေးနေ့တွင် ခရီးသည်တင် ဘတ်စ်ကားတစ်စီးပေါ်တွင် ဗုံးတစ်လုံးပေါက်ကွဲရာ အနည်းဆုံး ၁၀ ဦးသေဆုံး၍ ကိုးဦးဒဏ်ရာရရှိကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

မူဆလင်စစ်သွေးကြွများနှင့် ဆက်သွယ်မှုရှိသည့် ပြန်ပေးဆွဲငွေညှစ်သည့် ဂိုဏ်းတစ်ဂိုဏ်း၏ လက်ချက်ဖြစ်သည်ဟု အာဏာပိုင်များက ပြောသည်။ ခရီးသည် ၅၀ တင်ဆောင်ကာ မောင်းနေစဉ် ကားခေါင်မိုး ပစ္စည်းများထားသည့်နေရာမှ ဗုံးပေါက်ကွဲမှု အင်အားပြင်းထန်လွန်းသဖြင့် ကားနောက်ပိုင်းတစ်ခုလုံး ခါယမ်းသွားကြောင်း၊ ခရီးသည်နှစ်ဦးမှာ တစ်ခါတည်းခေါင်းပြတ်သွားကြောင်း ရဲတပ်ဖွဲ့အကြီးအကဲ ဂီးလ်မီနီဆက်က ပြော သည်။

မည်သည့်အဖွဲ့အစည်းကမှ ၎င်းတို့တွင်တာဝန်ရှိကြောင်း ကြေညာခြင်းမပြုသေးပေ။ ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းသည် ပြန်ပေးသမားများ၊ ငွေညှစ်ဂိုဏ်းများနှင့် မူဆလင်သောင်းကျန်းသူများ ထကြွရာဒေသဖြစ်သည်။ **အေပီ။**

# ဘရိတ်ချို့ယွင်းမှုကြောင့် ကားစီးရေ ၁ ဒသမ ၅ သန်းကို တိုယိုတာကုမ္ပဏီ ပြန်သိမ်းဆည်း

**တိုကျို အောက်တိုဘာ ၂၁ -** အောက်တိုဘာ ၂၁ရက်က ကမ္ဘာတစ်ဝန်းရှိ ယာဉ်စီးရေ ၁ ဒသမ ၅ သန်းကျော်အား ဘရိတ်ချို့ယွင်းမှုကြောင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ပြန်လည်သိမ်းယူမည်ဖြစ်ကြောင်း တိုယိုတာကားကုမ္ပဏီကကြေညာခဲ့သည်ဟု ပြောရေး ဆိုခွင့်ရှိသူတစ်ဦးကပြောကြားသည်။

ကမ္ဘာ့အကြီးဆုံးကားထုတ်လုပ်သူ တိုယိုတာကုမ္ပဏီသည် ကားဘရိတ်ချို့ယွင်းမှုကို ပြင်ဆင်ရန် အမေရိကန်နိုင်ငံရှိ ကားစီးရေ ၇၄၀၀၀၀နှင့် ဂျပန်နိုင်ငံရှိကားစီးရေ ၆၀၀၀၀၀တို့အား ပြန်လည်သိမ်းဆည်းမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းကုမ္ပဏီက ကားစီးရေ ဥရောပမှ ၅၀၀၀၀၊ တရုတ်မှ ၆၀၀၀၀၊ ဩစတြေးလျမှ ၃၀၀၀၀နှင့် အခြားအာရှနိုင်ငံများမှ ၅၀၀၀၀တို့ကိုလည်း ပြန်လည်သိမ်းဆည်းလျက်ရှိကြောင်း ဂျပန်နိုင်ငံတိုယိုတာ ကားကုမ္ပဏီ၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ **အမ်အင်အေ၊ ရိုက်တာ။**

# ပါလက်စတိုင်းအကူအညီပေးရေး သင်္ဘောအုပ်စု အီဂျစ်နိုင်ငံသို့ ရောက်ရှိ

ကိုင်ရို အောက်တိုဘာ ၂၁

ကမ္ဘာတစ်ဝန်းမှ ပါလက်စတိုင်းထောက်ခံသူများ တင်ဆောင်လာသည့် အကူအညီပေးရေး သင်္ဘောအုပ်စုတစ်စုသည် အီဂျစ်နိုင်ငံ အယ်လ်အရစ်ဆိပ်ကမ်းသို့ ဆိုက်ကပ်ပြီဖြစ်ကြောင်း အယ်လ်ဂျာဇီးရားရုပ်သံလိုင်းက ကြာသပတေးနေ့တွင် ထုတ်လွှင့်သည်။

မေလတွင် အစ္စရေးရေတပ်၏ စီးနင်းခြင်းခံရသည့် တူရကီသင်္ဘောတွင် လိုက်ပါခဲ့သော ပါလက်စတိုင်းအရေးလှုပ်ရှားသူအချို့သည် “မာဗီမာမားရား” တွင် ပြန်လည်လိုက်ပါခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ဆီးရီးယားနိုင်ငံ လတ္တာကီယာဆိပ်ကမ်းမှ ထွက်ခွာလာခဲ့ကြသည့် သင်္ဘောများတွင် အယ်လ်ဂျီးရီးယားပါလီမန် ဒုတိယဥက္ကဋ္ဌ အပါအဝင် လူ ၃၀ လိုက်ပါလာကြသည်။ နိုင်ငံပေါင်း ၃၀ မှ ပါလက်စတိုင်းထောက်ခံသူ နောက်ထပ် လူ ၃၀၀ ကလည်း အယ်လ်အရစ်လေဆိပ်သို့ ရောက်ရှိနေပြီဟု ဆိုသည်။

ဂါဇာထောက်ပံ့ရေးသင်္ဘောအုပ်စုတွင် အစားအသောက်နှင့် ဆေးဝါးတန် ၅၀၀ သယ်ဆောင်လာသည့် မော်တော်ယာဉ်အစီး ၁၀၀ အပါအဝင် အကူအညီ အထောက်အပံ့ပစ္စည်းများ ပါရှိကြောင်း ဦးဆောင်သူများက ပြောသည်။

**အင်တာနက်။**

# ကြိုမမှန်းနိုင်သော အကြမ်းဖက်ခြိမ်းခြောက်မှုများ ရှိနေသောကာလနှင့် ဗြိတိန်ရင်ဆိုင်နေရ

**လန်ဒန် အောက်တိုဘာ ၂၁**

အယူအဆသစ်များ၊ အစုအပြုံလိုက် လူများရွှေ့ပြောင်း နေထိုင်ခြင်းများနှင့် တိုးတက်လာသော နည်းပညာရပ်များကို အရင်းခံ၍ အကြမ်းဖက်ခြိမ်းခြောက်မှုများ တိုးမြင့်များပြားလာသည့် မသေချာသော ခေတ်ကာလကို ဗြိတိန်နိုင်ငံသည် ရင်ဆိုင်နေရပြီဖြစ်ကြောင်း ယင်းနိုင်ငံ၏ အမျိုးသားလုံခြုံရေးကောင်စီက သတိပေးခဲ့သည်ဟု အောက်တိုဘာ ၁၈ရက် သတင်းများတွင် ဖော်ပြသည်။

ဗြိတိန်နိုင်ငံသည် ဆိုက်ဘာတိုက်ခိုက်မှု အပါအဝင် အရင်းအမြစ်ထောင်ပေါင်းများစွာမှ အရင်းခံသော ရှုပ်ထွေးကွဲပြားသည့် ခြိမ်းခြောက်မှုများနှင့်ရင်ဆိုင်နေရကြောင်း အမျိုးသားလုံခြုံရေးကောင်စီ၏ သတိပေးချက်တွင် ဖော်ပြထားသည်။



**အထူးလိုအပ်**

အကြမ်းဖက်အန္တရာယ်ဖြစ်ပေါ်လာနိုင်သည့် အလားအလာများကို စောင့်ကြည့်ရန်နှင့် အကျပ်အတည်း ပြဿနာရပ် အဖြစ် မရောက်ရှိမီ ဖြေရှင်းနိုင်ရန် အထူးလိုအပ်ကြောင်း အမျိုးသားလုံခြုံရေးမဟာဗျူဟာက အစီရင်ခံစာ၌ ဆိုထားသည်။

စစ်အေးတိုက်ပွဲကာလက ဗြိတိန်နိုင်ငံသည် ဆန့်ကျင်ဘက် နိုင်ငံတစ်နိုင်ငံ၏ တစ်သတ်မတ်တည်းဖြစ်သော စစ်ရေးခြိမ်း ခြောက်မှုကိုသာ ရင်ဆိုင်ခဲ့ရသော်လည်း လက်ရှိကာလတွင် ကြိုတင် ခန့်မှန်း၍မရနိုင်သော ခြိမ်းခြောက်မှုများကို ရင်ဆိုင်နေရကြောင်း အစီရင်ခံစာ၌ ဖော်ပြသည်။

အဆိုပါ အစီရင်ခံစာ၏ အဆိုအရ အယ်လ်ခိုင်ဒါကွန်ရက်သည် ဗြိတိန်၏အမျိုးသားလုံခြုံရေးကို အဓိက ခြိမ်းခြောက်နေသော အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ရပ်တည်ဆဲဖြစ်ကြောင်းသိရသည်။ **တယ်လီဂရပ်။**

# လျှင်ဒဏ်ခံ ဟေတီနိုင်ငံတွင် အသေအပျောက်များသည့် အပြင်းဖျားရောဂါဖြစ်ပွားမှုကို စုံစမ်းစစ်ဆေးလျက်ရှိ

**ပေါ်တိုပရင့်စ် အောက်တိုဘာ ၂၁-**လျှင်ဒဏ်ခံ ဟေတီနိုင်ငံတွင် အပြင်းဖျားခြင်း၊ပျို့အန်ခြင်းနှင့် ဝမ်းလျှောဝမ်းပျက်ရောဂါများကြောင့် လူ ၅၀ အထိ သေဆုံးကြောင်း၊ ပေါ်တိုပရင့်စ်မြို့တော်တောင်ပိုင်း ဆေးရုံများတွင်လည်း အလားတူ ရောဂါခံစားရသည့် လူနာအများအပြားသည် ဆေးကုသမှုခံယူလျက်ရှိကြောင်း သတင်းရပ်ကွက်များက ဆိုသည်။

မည်သည့်အတွက်ကြောင့် ယင်းရောဂါဖြစ်ပွားသည်ကို သေသေချာချာမသိရသေးကြောင်း၊ စမ်းသပ်စစ်ဆေးမှုရလဒ်ကို ကြာသပတေးနေ့နှောင်းပိုင်းတွင် သိရှိမည်ဟု မျှော်လင့်ကြောင်း ကုလသမဂ္ဂ အကြီးတန်းကျန်းမာရေးအရာရှိတစ်ဦးက ပြောကြားသည်။

ဟေတီနိုင်ငံတွန် ဇန်နဝါရီလက လှုပ်ခတ်သွားခဲ့သည့် မြေငလျင်ကြောင့် လူနှစ်သိန်းခွဲသေဆုံးပြီး ၁ ဒသမ ၅ သန်းမှာ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။

ငလျင်ကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်သူအများစုမှာ ယခုထက်တိုင်အောင် ညစ်ညမ်းသောပတ်ဝန်းကျင်နှင့် သန့်ရှင်းသောသောက်သုံးရေလုံလောက်စွာ မရရှိသည့် ယာယီစခန်းများတွင်သာ နေထိုင်ကြသည်။ **အင်တာနက်။**



လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးအား အီတလီသမ္မတနိုင်ငံ Zeta Group ၏ President Madam Donatella Zingone Dini လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

# ဝန်ကြီး ဦးဌေးဦးအား ဂျပန်နိုင်ငံနှင့် အီတလီသမ္မတနိုင်ငံတို့မှ ဧည့်သည်အဖွဲ့များ လာရောက်တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၁

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးအား ဂျပန်နိုင်ငံ New Energy and Industrial Technology Development Organization (NEDO) မှ အမှုဆောင်ဒါရိုက်တာ Mr. Hiroshi Watanabe ခေါင်းဆောင်သော အဖွဲ့ဝင်လေးဦးပါအဖွဲ့သည် အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကိစ္စရပ်များ ဆွေးနွေးခဲ့ကြသည်။**

အလားတူ ညနေပိုင်းတွင် ဝန်ကြီး ဦးဌေးဦးအား အီတလီသမ္မတနိုင်ငံ Zeta Group ၏ President Madam Donatella Zingone Dini သည်လည်း ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး လယ်ယာစိုက်ပျိုးရေးကိုအခြေခံသော စက်မှုလုပ်ငန်းများ ထူထောင်ရေးနှင့် ကော်ဖီစိုက်ပျိုးရေးကိစ္စရပ်များ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မီဂီတိုင်ဖွန်းမုန်တိုင်းတိုက်ခတ်မှု ဖိလစ်ပိုင်၌ သေဆုံးသူ ၁၉ ဦးထိ ရှိလာ

မနီလာ အောက်တိုဘာ ၂၁

ဖိလစ်ပိုင်နိုင်ငံတွင် ဧရာမမီဂီတိုင်ဖွန်းမုန်တိုင်းကြောင့် အသေအပျောက်ဦးရေနှင့် ပျက်စီးဆုံးရှုံးမှုများ တိုးပွားလျက်ရှိရာ သေဆုံးသူ ၁၉ ဦးထိ ရှိသွားပြီဖြစ်ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ် လျှော့ကျရေးနှင့် စီမံခန့်ခွဲရေးကောင်စီက ကြာသပတေးနေ့တွင် သတင်းထုတ်ပြန်သည်။

ဖိလစ်ပိုင်မြောက်ပိုင်းတွင် ဒဏ်ရာရရှိသူဦးရေ ၂၈ ဦး အထိ တိုးလာကြောင်း၊ ယခုအခါ မိသားစု ၅၄၂၈ စု သို့မဟုတ် လူ ၂၃၁၂၇ဦးတို့မှာ ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်ကြရကြောင်း၊ ခန့်မှန်းခြေ ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ပီဆို ၄ဒသမ၈၃ဘီလီယံ(ဒေါ်လာ၁၁၁ဒသမ၀၃သန်း) ရှိကြောင်း၊ ဧရာမတိုင်ဖွန်းမုန်တိုင်းကြောင့် ဖြစ်ပေါ်လာသည့် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သီးနှံနှင့် လယ်ယာမြေအများစု ပျက်စီးခဲ့ကြောင်း အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဒေသဆိုင်ရာရုံးများမှအစီရင်ခံစာများ ဆက်လက်ရရှိနေရာ လာမည့်ရက်များတွင် အသေအပျောက်၊ ဒုက္ခသည်ဦးရေနှင့် ပျက်စီးဆုံးရှုံးမှုများ တိုးလာဦးမည်ဟု မျှော်လင့်ရကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်ကိုင်တွယ်ဖြေရှင်းရေးကောင်စီ အမှုဆောင်အရာရှိ ဘင်နီကိုရာမို့စ်က ပြောကြားသည်။

အမျိုးသားအစိုးရ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၊ အစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက မုန်တိုင်းဒဏ်ခံဒုက္ခသည်များအား ကူညီရန် ပီဆို ၁၂ ဒသမ ၂သန်း(ဒေါ်လာ၂၆၉၃၁၅)ပေးအပ်လှူဒါန်းသည်ဟု ရာမို့စ်က ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ။**



# တရုတ်ကမ်းရိုးတန်းဒေသများသို့ မီဂီမုန်တိုင်းဝင်ရောက်နိုင်

**ပေကျင်း အောက်တိုဘာ ၂၁-**တရုတ်နိုင်ငံအရှေ့တောင်ပိုင်း မီဂီတိုင်ဖွန်းမုန်တိုင်း ကျရောက်ရာလမ်းကြောင်းပေါ်တွင်ရှိသော ကမ်းရိုးတန်းဒေသများမှ လူထောင်ပေါင်းများစွာကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့သည်ဟု သဘာဝဘေးအန္တရာယ်ထိန်းချုပ်ရေး အာဏာပိုင်များက ကြာသပတေးနေ့တွင် ထုတ်ဖော်ပြောကြားသည်။

ဖူကျန့်ပြည်နယ်တွင် လူပေါင်း ၁၅၀၀၀၀ကျော်ကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း၊ ငါးဖမ်းလှေ ၅၃၀၀၀ကိုလည်း ကမ်းခြေသို့ပြန်လည်ခေါ်ယူခဲ့ကြောင်း ပြည်နယ်ရေလွှမ်းမိုးမှုထိန်းချုပ်ရေး အာဏာပိုင်များက ပြောကြားသည်။

ကွမ်တုန်ပြည်နယ်အရှေ့ဘက် ကမ်းရိုးတန်းဒေသ၌ စနေနေ့ ပတ်ဝန်းကျင်တွင် မီဂီမုန်တိုင်း ကျရောက်နိုင်သည်ဟု ဖူကျန့်ပြည်နယ် မိုးလေဝသနှင့် ဇလဗေဒဌာနက ခန့်မှန်းသည်။

မီဂီတိုင်ဖွန်းမုန်တိုင်းကြောင့် ကွမ်တုန်၊ ဖူကျန့်နှင့် ထိုင်ဝမ်ရေလက်ကြားအပါအဝင် ပင်လယ်ကမ်းရိုးတန်းဒေသများတွင် လှိုင်းကြီးပြီး မှဲ့နှောက်ဖျက်ဆီးနိုင်သဖြင့် အာဏာပိုင်များက အနီရောင်သတိပေးချက်ကို ထုတ်ပြန်ထားသည်။

အနီရောင်သတိပေးချက်ကြောင့် ဒေသဆိုင်ရာ အာဏာပိုင်များက ခြောက်နာရီအတွင်း ဘေးလွတ်ရာသို့ ထွက်ပြေတိမ်းရှောင်ရန် ဒေသခံများကို အမိန့်ထုတ်ပြန်ခဲ့ပြီး ကျောင်းများ၊ ဈေးဆိုင်များနှင့် လေဆိပ်များပိတ်ပစ်ရန်နှင့် သင်္ဘောအားလုံး ဆိပ်ကမ်းသို့ပြန်လာရန် ညွှန်ကြားခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

# တောင်ကြီးကောလိပ် ကျောင်းသား၊ ကျောင်းသူများ ဒွါဒသမအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၂၁**

တောင်ကြီးကောလိပ်တွင် ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူများက တောင်ကြီးကောလိပ် စတင်တည်ထောင်သည်မှ ၁၉၇၄ ပညာသင်နှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သော ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများအား ဒွါဒသမအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ရှိ YMCA ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ဖိတ်စာမရရှိသော ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် အောက်ပါပုဂ္ဂိုလ်များနှင့် ဆက်သွယ်ရယူနိုင်သည်။

အလှူငွေပါဝင်လှူဒါန်းလိုသူ ကျောင်းသား၊ ကျောင်းသူဟောင်းများသည် လီယို ဖုန်း-၀၉-၅၀၁၁၃၉၂၊ ဒေါက်တာသာညဏ် ဖုန်း-၀၉-၈၀၃၃၄၄၆၊ ဦးမြင့်လွင်ခိုင် -ဒေါ်မြင့်မြင့်တင် ဖုန်း-၀၉-၅၀၄၆၈၉၉၊ ဦးအောင်မြင့် (ပျော်ဘွယ်) ဖုန်း-၀၆၄-၄၉၅၂၄၊ စိုင်းဇော်မင်း(ကျိုင်းတုံ) ဖုန်း-၀၉-၅၂၅၀၁၂၁၊ ဦးမောင်မောင်လေး(သီပေါ) ဖုန်း-၀၉-၅၀၁၇၁၉၆၊ စိုင်းသိန်းထွေး (ကျောက်မဲ) ဖုန်း-၀၆၇-၂၂၀၇၄၊ ၀၆၇-၂၂၀၇၅၊ ဦးခင်မောင်ဆွေ (အောင်ပန်း) ဖုန်း-၀၉-၅၀၀၂၄၅၀၊ ဦးဝင်းလွင်-ဒေါ်မီမီချမ်း(တောင်ကြီး)ဖုန်း-၀၈၁-၂၁၇၂၀၊ ဒေါ်နန်းခင်အေး (တောင်ကြီး) ဖုန်း-၀၉-၅၂၄၀၄၀၂၊ ဦးခင်မောင်အေး (တောင်ကြီး) ဖုန်း-၀၉-၅၁၃၇၄၂၃၊ ဒေါ်မေကြင် ဖုန်း-၂၁၀၉၈၇၊ ဒေါ်စိန်စိန်မြင့်(ကျောက်မဲ) ဖုန်း- ၀၈၂-၄၀၂၁၀၊ ဒေါ်စွမ် ဖုန်း-၂၂၃၃၂၅၊ ဒေါ်ခင်ဝင့်အေးအေး ဖုန်း ၀၉-၅၁၅၃၇၈၇၊ ဒေါ်ခင်စိမ်းဝင်း(မိတ္ထီလာ) ဖုန်း-၀၆၄-၂၄၅၈၁၊ ဒေါ်ထွေးခင် ဖုန်း-၂၂၃၉၀၃၊ ဒေါ်နယ်လီထွန်း(မန္တလေး) ဖုန်း-၀၂-၃၃၉၈၉၊ ဒေါ်ခင်မာရီ ဖုန်း-၀၆၇-၇၀၂၇၆၊ ဦးသန့်စင် ဖုန်း-၅၁၈၇၀၉၊ Ext-၃၆၀၊ ဒေါ်ခင်စစ်ဝေ ဖုန်း-၅၆၃၅၉၄၊ ဒေါ်စဝ်သီတာထွေး ဖုန်း-၆၆၂၇၃၂၊ ဒေါ်တင်တင်နွဲ့ (လွိုင်ကော်) ဖုန်း-၂၅၂၉၉၂၊ ဒေါ်ယုယုလွင် ဖုန်း-၂၁၀၅၁၉၊ ဒေါ်စီစီဝင်း ဖုန်း-၅၅၆၇၃၇၊ ဒေါ်သိန်းသိန်းလှ ဖုန်း- ၅၃၅၂၉၀၊ ဒေါ်ဆွေဆွေဦး ဖုန်း-၃၈၆၆၆၇၊ ဒေါ်မေမေတင် ဖုန်း-၇၀၈၅၃၃၊ စိုင်းစိုးမြင့်ဆွေ-ဒေါ်စုစုသန်းဖေ ဖုန်း-၅၇၉၃၉၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ငြိမ်းချမ်းရေးရရှိရန် ဆော်ဒီအာရေဗျအား အာဖဂန်ငြိမ်းချမ်းရေးကောင်စီက အကူအညီတောင်းခံ

ကဘူး အောက်တိုဘာ ၂၁

အာဖဂန်နစ္စတန်အစိုးရအသစ် ဖွဲ့စည်းပေးခဲ့သော ငြိမ်းချမ်းရေးကောင်စီက တာလီဘန်တို့နှင့် ပြန်လည်ပေါင်းစည်းရန် စစ်ပွဲကို နိုင်ငံရေးနည်းလမ်းဖြင့် အဖြေရှာရန် ကြိုးစားကြရာတွင် ဆော်ဒီအာရေဗျနိုင်ငံအား အဓိကအခန်းကဏ္ဍမှ ပါဝင်စေလိုကြောင်း ကြာသပတေးနေ့တွင် ပြောကြားသည်။

ဆော်ဒီအာရေဗျနိုင်ငံသည် တရားဝင်ဆွေးနွေးပွဲများ ကျင်းပရန် သင့်လျော်ကောင်းမွန်သော ဒေသဖြစ်ကြောင်း၊ တာလီဘန်အဆင့်မြင့်ခေါင်းဆောင်များနှင့် အာဖဂန်အစိုးရအဖွဲ့တို့၏ ဆွေးနွေးပွဲမှ တိုးတက်မှုများ ရရှိနိုင်ကြောင်း၊ အဖွဲ့ဝင် ၇၀ ပါ အဆင့်မြင့် ငြိမ်းချမ်းရေးကောင်စီ၏ ပြောရေးဆိုခွင့်ရှိသူ ကီယာမူဒင်ကာရှတ်က ပြောကြားသည်။

မူစလင်အာဖဂန်နိုင်ငံက ငြိမ်းချမ်းရေးကို အလိုရှိနေပါကြောင်း၊ အစ္စလာမ့်နိုင်ငံများအား ကူညီကြပါရန် တောင်းဆိုပါကြောင်း၊ အာဖဂန်နိုင်ငံ၏ မေတ္တာရပ်ခံချက်ကို မူစလင်ကမ္ဘာက တုံ့ပြန်ရန် တာဝန်ရှိပါကြောင်း ကာရှတ်က သတင်းထောက်များကို ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံအတွင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများ မအောင်မြင်ခဲ့လျှင် ဆော်ဒီဘုရင် အဗ္ဗဒူလာက ယင်းဆွေးနွေးပွဲ၏ ဦးဆောင်မှုကဏ္ဍကိုယူ၍ အောင်မြင်ရန် ကူညီပေးစေလိုကြောင်း ၎င်းက ဆော်ဒီအာရေဗျသို့ မေတ္တာရပ်ခံသည်။

၁၉၉၀ ခုနှစ်များ အစောပိုင်း အာဖဂန်ပြည်တွင်းစစ်ပွဲမှ အနိုင်ယူ ပေါ်ပေါက်လာသော တာလီဘန်အစိုးရနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့သည် တစ်ချိန်က ရင်းနှီးစွာ ဆက်ဆံခဲ့ဖူးသည်။ တာလီဘန်အစိုးရကို ၁၉၉၇ ခုနှစ် မေလတွင် ပါကစ္စတန်နိုင်ငံက အသိအမှတ်ပြုပြီးနောက် ဆော်ဒီအာရေဗျနှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုတို့က အသီးသီး အသိအမှတ်ပြုခဲ့သည်။ **အေပီ။**

# ဇီဝဆေးသိပ္ပံပညာရပ်များ MDIS တွင် တက်ရောက်ရယူနိုင်

**ရန်ကုန် အောက်တိုဘာ ၂၁**

ဇီဝဆေးသိပ္ပံပညာရပ်များတွင် ကိုယ်ခန္ဓာခုခံအားစနစ်၊ ဟော်မုန်းထုတ်လုပ်မှုစနစ်နှင့်သက်ဆိုင်သော ရောဂါများ၊ သွေးရောဂါအမျိုးမျိုးတို့၏ ဆဲလ်နှင့် မော်လီကျူးအဆင့် အသေးစိတ်ရောဂါဖြစ်စဉ်များ ရှာဖွေခြင်းနှင့် ကုထုံးများ စသည်တို့နှင့် ပတ်သက်၍လည်း လေ့လာဆည်းပူးရမည်ဖြစ်သည်။ ထို့အပြင် ဆေးသိပ္ပံပညာနယ်ပယ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သော ဆေးဝါးများ၏အရည်အသွေး တိုင်းတာစစ်ဆေးမှု၊ ဆေးဝါးထုတ်လုပ်ဖြန့်ဖြူး စီမံခန့်ခွဲမှု၊ ဖြစ်ပေါ်ပြောင်းလဲလာသော ရောဂါသစ်များနှင့် ဓာတုဆေးဝါးများ ပေါင်းစပ်တီထွင် ထုတ်လုပ်နိုင်မှု စသည့် ဆေးဝါးကျွမ်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ပညာရပ်များသည်လည်း ရောဂါကုသရေး၏ အရေးကြီးဆုံးသော ပညာရပ်တစ်ခုလည်း ဖြစ်သည်။

ယင်းဇီဝဆေးသိပ္ပံဘာသာရပ်များနှင့် ပတ်သက်၍ စင်ကာပူနိုင်ငံရှိ Management Development Institute of Singapore (MDIS) တွင် အင်္ဂလန်နိုင်ငံ University of Bradford မှ ပေးအပ်ချီးမြှင့်သည့် ဇီဝဆေးသိပ္ပံဆိုင်ရာ ဘာသာရပ် ဘွဲ့ဒီဂရီ [Bachelor of Science (Hons) in Biomedical Sciences]နှင့် ဆေးဝါးကျွမ်းကျင်မှုဆိုင်ရာ စီမံခန့်ခွဲမှုဘာသာရပ် ဘွဲ့ဒီဂရီ [Bachelor of Science (Hons) in Pharmaceutical Management] များကို နိုင်ငံတကာကျောင်းသားများအား လက်ခံသင်ကြားပေးလျက်ရှိသည်။

Bachelor of Science (Hons) in Biomedical Sciences ဘာသာရပ်တွင် Medical Biochemistry Medical Cell Biology နှင့် Cancer Biology ဟူ၍ အဓိကဘာသာရပ်သုံးမျိုး ခွဲခြားထားပြီး မိမိစိတ်ဝင်စားရာဘာသာ ရပ်အလိုက် နောက်ဆုံးနှစ်တွင် ရွေးချယ် သင်ယူနိုင်သည်။ ဘာသာရပ်အားလုံးအတွက် ဆရာဝန်ဘွဲ့ရများ၊ သွားဘက်ဆိုင်ရာ ဆရာဝန်ဘွဲ့ရများ၊ ဆေးဝါးကျွမ်းကျင် ဘွဲ့ရများအား ဘာသာရပ် ကင်းလွတ်ခွင့်များနှင့်အတူ ပညာသင်ထောက်ပံ့ကြေး ပြန်လည်ပေးအပ်မည့် အစီအစဉ်တစ်ရပ်ကိုလည်း ပြုလုပ်ပေး ထားသည်ဖြစ်ရာ မြန်မာနိုင်ငံရှိ စင်ကာပူ ပညာရေးကျွမ်းကျင်လက်မှတ်ရ AT & S Co., Ltd . မှတစ်ဆင့် အပ်နှံလျှောက်ထားနိုင်သည်။

MDIS ရှိ ဇီဝဆေးသိပ္ပံပညာရပ်ဆိုင်ရာများကို လေ့လာဆည်းပူးလိုသူ ကျောင်းသား၊ ကျောင်းသူများအတွက် ပညာဆက်လက်ဆည်းပူးရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ၊ ဘာသာရပ်ဆိုင်ရာ ဝင်ခွင့်သတ်မှတ်ချက်များ၊ ဘာသာရပ်ကင်းလွတ်ခွင့်လျှောက်ထားခြင်းဆိုင်ရာများ၊ အသင့်တော်ဆုံးဘာသာရပ် ရွေးချယ်မှုဆိုင်ရာ အကြံပေးမှုများ၊ ကျောင်းလျှောက်ထားခြင်းဆိုင်ရာ ပြင်ဆင်မှုများနှင့်ပတ်သက်၍ AT&S Co., Ltd. ၏ Chief Consultant မှ အတိုင်ပင်ခံ ဆွေးနွေးပေးမည်ဖြစ်ပြီး တွေ့ဆုံဆွေးနွေးလိုသူ ကျောင်းသားမိဘများအနေဖြင့် AT&S Co., Ltd. အဆောင်(၅) အခန်း(၄) မြန်မာအင်ဖိုတက်ခ် လှိုင်တက္ကသိုလ်နယ်မြေ ဖုန်း-၅၂၁၁၂၅၊ ၆၅၂၂၈၈ နှင့် ၆၅၂၃၂၀ တို့သို့ ကြိုတင်စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# ဖူးပွင့်ဝေစည်၊ ကြောင်းမည်၊ တူရာသီ၊ သီတင်းကျွတ်

သီတင်းကျွတ်လကို ဗေဒင်အခေါ်အားဖြင့် တူရာသီ ဟုခေါ်ခြင်း၊ အသဝနီနက္ခတ်သည် "စန်း" ဟုခေါ်သော လမင်းနှင့်အတူ ယှဉ်ပြိုင်ထွန်းပနေခြင်း၊ ရာသီပန်းများ အနေဖြင့် ကြာဖြူ၊ ကြာနီ၊ ကြာညို၊ ကြာတံဆိပ် (ကြာပုဏ္ဍရိက်)၊ ကြာခေါင်းလောင်း(ပဒုမ္မာ)ဟူသော ကြာမျိုးငါးပါးတို့ဖြစ်ခြင်း၊ ရာသီပွဲအဖြစ် ဆီမီးမြင်းမိုရ်ပွဲ(ဝါ) တာဝတိံသာပွဲများ ကျင်းပလေ့ရှိခြင်း၊ နံနက် ၆ နာရီ နေထွက်၍ ညနေ ၆ နာရီတွင် နေဝင်သဖြင့် နေ့တာနှင့်ညတာ ညီမျှသောလဖြစ်ခြင်း စသည်တို့ကို အကြောင်းပြုပြီး စာဆို ကင်းဝန်မင်းကြီးက "သီတင်းကျွတ်ပြီ၊ တူရာသီ၊ အသဝနီရှိန်ဝါ၍ှန်း၊ ကြာမျိုးလည်းစို၊ မီးမြင်းမိုရ်၊ ဗဟိုရ်အချာထွန်း"ဟု စပ်ဆိုခဲ့ပေသည်။

ဤလအခါသမယသည် မိုးရာသီကုန်ဆုံးတော့မည်ဖြစ်၍ မိုးရွာသွန်းမှုအားနည်းလာပြီး မိုးရာသီ မကုန်ဆုံးသေးသော်လည်း နေရောင်ခြည် ဖြာစပြုလာပြီဖြစ်၍ ဥတုသာယာတော့မည့် ဆောင်းရာသီ၏ အရုဏ်ဦးအချိန်ပင်ဖြစ်သည်။ ယင်းအချိန်တွင် "ဝါဆိုကင်းလွတ် သီတင်းကျွတ်မို့" ဆိုသည်နှင့်အညီ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ပညတ်တော်အရ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့တွင် ပုရိမ ဝါဆိုတော်မူကြသည့် သံဃာတော်များမှာ ဤလ၏ လပြည့်နေ့တွင် ဝါဆိုသည့်ကာလ ကုန်ဆုံးသွားကြပြီ ဖြစ်သဖြင့် အရပ်တစ်ပါးသို့ ညဥ့်အိပ်ညဥ့်နေ ကြွချီတော်မူနိုင်ကြပြီဖြစ်သည်။ ဂေါတမဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၉ ခုနှစ် ဝါဆိုလပြည့်နေ့ ညနေပိုင်း၌ သာဝတ္ထိပြည်အနီးရှိ ကဏ္ဍမ္ဗ သရက်ဖြူပင်အနီးတွင် တိတ္ထိတို့ကို ရေ၊ မီးအစုံစုံတန်ခိုးပြာဋိဟာ ပြသတော်မူခဲ့သည်။ ယင်းပြာဋိဟာပွဲကြီးအပြီးတွင် မယ်တော်မိနတ်သားအား အဘိဓမ္မာတရား ဟောကြားတော်မူခြင်းဖြင့် ကျေးဇူးဆပ်ရန်အတွက် ဂေါတမဘုရားရှင်သည် တာဝတိံသာနတ်ပြည်သို့ ကြွမြန်းတော်မူ၍ သတ္တမဝါကပ်တော်မူသည်။ ဗုဒ္ဓမြတ်စွာ တာဝတိံသာနတ်ပြည်သို့ ရောက်ရှိပြီး သန္တုသိတမည်သော မယ်တော်မိနတ်သား အမှူးပြုသည့် စကြဝဠာအပေါင်း တိုက်တစ်သောင်းတို့မှ နတ်၊ ဗြဟ္မာပရိသတ်တို့အား အဘိဓမ္မာတရားတော်မြတ်ကို ဝါတွင်းသုံးလပတ်လုံး နေ့ညမစဲဟောကြားတော်မူလေသည်။ ဘုရားရှင်၏ အဘိဓမ္မာတရားဟောကြားခြင်းသည် ဝါတွင်းသုံးလမြောက်ဖြစ်သော သီတင်းကျွတ်လပြည့်နေ့၌ ပြီးဆုံးလေသည်။

ဗုဒ္ဓရှင်တော်ဘုရားရှင်သည် သိကြားမင်းအား သီတင်းကျွတ်လပြည့်နေ့၌ လူ့ပြည်သို့ ပြန်ကြွမည်ဖြစ်ကြောင်း မိန့်ကြားတော်မူသည့်အခါ သိကြားမင်းသည် ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းဟူသော စောင်းတန်းသုံးသွယ်တို့ကို ဖန်ဆင်းပေး၏။ ထိုစောင်းတန်းသုံးသွယ်တို့၏ အခြေတို့ကား သင်္ကဿနဂိုရ် မြို့တံခါး၌ တည်ကုန်ပြီး စောင်းတန်းဦးများကား မြင်းမိုရ်တောင်ထိပ်၌ တည်ကြ၏။ ဗုဒ္ဓရှင်တော်မြတ်သည် ရောင်ခြည်တော်ခြောက်သွယ်တို့ဖြင့် တင့်တယ်စွာအလယ်ဗဟို၌ရှိသော ပတ္တမြားစောင်းတန်းဖြင့် သက်ဆင်းကြွမြန်းပြီး နတ်အပေါင်းတို့က လက်ယာဘက်ရွှေစောင်းတန်းဖြင့်လည်းကောင်း၊ ဗြဟ္မာကြီးများက လက်ဝဲဘက် ငွေစောင်းတန်းဖြင့်လည်းကောင်း အသီးသီးခြံရံလိုက်ပါ သက်ဆင်းလာကြ၏။

ပဉ္စသိခ်နတ်သားက သုံးဂါဝုတ် ပမာဏရှိသော ဗေဠုဝနတ်စောင်းကြီးကို လက်သံကုန်တီးခတ်လျက် ပူဇော်ကာ လက်ယာနံပါးမှ သက်ဆင်းလိုက်ပါလာသည်။ မာတလိနတ်သားက နတ်၌ဖြစ်သော ပန်းနံ့သာအမွှေးအကြိုင်တို့ကို ကိုင်စွဲလျက် ဘုရားရှင်ကို ရှိခိုးပူဇော်ကာ လက်ဝဲနံပါးမှ သက်ဆင်းလိုက်ပါလာသည်။ သုယာမနတ်မင်းက စာမရီသားမြီးယပ်ကိုခတ်လျက် လည်းကောင်း၊ သန္တုသိတနတ်မင်းက ပတ္တမြားယပ်ဝန်းကို တလွှဲလွှဲခတ်လျက်လည်းကောင်း၊ သိကြားမင်းက ဝိဇယုတ္တာခရုသင်းကို မှုတ်လျက်လည်းကောင်း လက်ယာဘက်မှပင် ပူဇော်ကာ သက်ဆင်းလိုက်ပါလာကြသည်။ ထို့နည်းတူ ကျန်စကြဝဠာတိုက်တို့၌ နေထိုင်ကြကုန်သော နတ်တို့သည်လည်း အမျိုးမျိုးသောပူဇော်မှုကို ပြုကြလျက် သက်ဆင်းလိုက်ပါလာကြပြီး လက်ဝဲဘက် ငွေစောင်းတန်းမှလည်း သဟမ္ပတိဗြဟ္မာကြီးသည် ဗြဟ္မာထီးဖြူကြီးကို ဆောင်းမိုး၍ ပူဇော်ကာ သက်ဆင်းလိုက်ပါလာလေသည်။

ထိုအချိန်တွင် သာဝတ္ထိပြည်ရှိ ပရိသတ်အပေါင်းသည်လည်း သီတင်းကျွတ်လပြည့်၌ သင်္ကဿနဂိုရ်မြို့တံခါးသို့ မြတ်စွာဘုရားအား ဖူးမြော်ကြရန် ရောက်ရှိနေကြပြီဖြစ်သည်။ ဤသို့ မြတ်စွာဘုရားသည် နတ်ဗြဟ္မာအပေါင်း ခြံရံလျက် တာဝတိံသာနတ်ပြည်မှ သက်ဆင်းတော်မူ၍ လူ့ပြည်သို့အရောက် စောင်းတန်းဦး၌ လက်ယာခြေတော်ကိုချမိလျှင်ပင် ဘုရားရှင်ကို တပည့်ကြီး ရှင်သာရိပုတ္တရာ မထေရ်က ရှေးဦးစွာရှိခိုးပူဇော်ပြီးနောက်မှ ကျန်ပရိသတ်တို့က မြတ်စွာဘုရားကို ရှိခိုးဖူးမြော်ပူဇော်ကြလေသည်။ သင်္ကဿနဂိုရ်မြို့တံခါးဝ၌ စောင်းတန်းမှ ရှေးဦးပထမဆုံး လက်ယာခြေတော်ချရာအရပ်သည် နောင်သောအခါဝယ်"**အစလစေတိယဋ္ဌာန**"ဟူ၍ အမည်ထင်ရှားလေသည်။ ဤသို့ ရှင်သာရိပုတ္တရာအမှူးပြုသော လူနတ်ဗြဟ္မာသတ္တဝါပေါင်းစုံပါဝင်သည့် ပရိသတ်အပေါင်းက ဘုရားရှင်အား သောင်းသောင်းဖြဖြ ပူဇော်ပွဲကြီးကို ရည်မှန်း၍ သီတင်းကျွတ်လပြည့်နေ့ညအချိန်တွင် မီးပုံးများ၊ ဆီမီးရောင်စုံများ ထွန်းညှိပူဇော်ခဲ့ကြပေသည်။ ယင်းသို့ ဗုဒ္ဓမြတ်စွာ တာဝတိံသာမှ ဆင်းသက်ကြွချီတော်မူခဲ့သည်ကို အကြောင်းပြု၍ **"တာဝတိံသာ ပွဲတော်"**ဟုလည်းကောင်း၊ တာဝတိံသာနတ်ပြည်တည်ရှိရာ မြင်းမိုရ်တောင်ထိပ်မှ ဆင်းသက်တော်မူသည်ကို အကြောင်းပြု၍ **"မီးမြင်းမိုရ်ပွဲ"** ဟုလည်းကောင်း အသီးသီးခေါ်ဝေါ်ကြပါသည်။

သီတင်းကျွတ်မီးထွန်းပွဲတော်ကြီးနှင့် ပတ်သက်ပြီး သီတင်းကျွတ်လပြည့်နေ့၌ ဗုဒ္ဓမြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်မှ သင်္ကဿနဂိုရ်မြို့သို့ ကြွဆင်းလာပုံကို ပီပြင်စွာသရုပ်ဖော်ရေးဆွဲထားသော ပန်းချီကားကို ပုဂံရှိ မြင်းကပါ ဂူပြောက်ကြီးဘုရားတွင် တွေ့ရှိရပေသည်။ တစ်ဖန် အင်းဝခေတ်၌ ကျင်းပသော မီးမြင်းမိုရ်ပွဲအကြောင်းကို လောကဗျူဟာကျမ်းတွင် ဖော်ပြထားသည်ကို လေ့လာတွေ့ရှိရမည်ဖြစ်ပြီး ကုန်းဘောင်ခေတ်အလယ်ပိုင်း၌ သီတင်းကျွတ်လ ဆီမီးထွန်းညှိပူဇော်ပုံကို ဘိုးတော်ဘုရားလက်ထက် ထင်ရှားသည့် စာဆိုတော်တစ်ဦးဖြစ်သည့် ဦးယာက "ကြော်သဲအုတ်အော်၊ ပူဇော်ဆီမီး၊ ညီးညီးဝင်းဝင်း၊ ထွန်းလင်းရောင်ရှိန်၊ အာလိန်ငါးဆင့်၊ ရွှန်းရွှန်းတင့်သား၊ နတ်မင်းစံရာ၊ ဝတိံသာသို့၊ လေးဖြာရောင်စို၊ မြင်းမိုရ်ပွဲကြီး"ဟု လူးတားဖြင့် ရေးစပ်ခဲ့သည့်ပြင် ၎င်းကပင် ကုန်းဘောင်ခေတ်သားတို့အနေဖြင့် သီတင်းကျွတ်မီးထွန်းပွဲတော်၌ လှပစွာဝတ်စားဆင်ယင်ကြကာ မောင်မယ်စုံ ယှဉ်တွဲ၍ ဆင်နွှဲကြပုံကို "သက်မျှကြင်သူ၊ ဆင်းရွှေအူနှင့်၊ အတူတကွ၊ မောင်ကတိုင်မြောက်၊ မယ်ကဖောက်၍၊ နှစ်ယောက်စုံလင်၊ စွယ်တော်စင်တွင်း၊ ပန်းတင်ရေသွန်း၊ ဆုယူညွှန်းသည်၊ ပြောင်ရွှန်းဆီမီးတိုင်နှင့်လေး"ဟူ၍ စပ်ဆိုခဲ့သည်။

သီတင်းကျွတ်လပြည့်နေ့သည် မြတ်စွာဘုရားရှင်က အဘိဓမ္မာတရားတော်ကို နတ်ပြည်၌ နတ်ဗြဟ္မာပရိသတ်တို့အား အကျယ်နည်းဖြင့် ဟောကြားပြီးဆုံးသည့်နေ့ဖြစ်ခြင်း၊ စန္ဒကူးတော၌ အရှင်သာရိပုတ္တရာအား အကျဉ်းနည်းဖြင့် ဟောကြားပြီးဆုံးသည့်နေ့ဖြစ်ခြင်း၊ တစ်ဖန် အရှင်သာရိပုတ္တရာက လင်းနို့သားဖြစ်ခဲ့ဖူးသော ရဟန်းငါးရာတို့အား မကျဉ်း မကျယ် အလယ်အလတ်နည်းဖြင့် သင်ကြားပို့ချခြင်း ပြီးဆုံးသည့်နေ့ ဖြစ်ခြင်းတို့ကို ရည်ညွှန်း၍ **"အဘိဓမ္မာအခါတော်နေ့"** အဖြစ် ကျင်းပခြင်းဖြစ်ပါသည်။

ယင်းအဘိဓမ္မာ တရားတော်တွင်-

(၁) ကုသိုလ်၊ အကုသိုလ်စသော တရားတို့ကို အကျဉ်းချုပ်အားဖြင့် ပြဆိုဟောကြားတော်မူသော "ဓမ္မသင်္ဂဏီကျမ်း"၊

(၂) ခန္ဓာစသောတရားတို့ကို သုတ္တန်နည်း၊ အဘိဓမ္မာနည်းတို့ဖြင့် အမေးအဖြေပြုကာ အကျယ်တဝင့် ဝေဖန်ဟောကြားသော "ဝိဘင်းကျမ်း"၊

(၃) ဓာတ်အမျိုးမျိုးကို ဟောကြားသော "ဓာတုကထာကျမ်း"၊

(၄) ပုဂ္ဂိုလ်အမျိုးမျိုးတို့ကို ခွဲခြားသတ်မှတ် အမည်တပ်၍ ဟောကြားသော "ပုဂ္ဂလပညတ်ကျမ်း"၊

(၅) အယူဝါဒနှင့်ဆိုင်သော စကားတို့၏ တည်ရာဖြစ်၍ အဘိဓမ္မာအနှစ်သာရတို့နှင့် ပြည့်စုံသော "ကထာဝတ္ထုကျမ်း"၊

(၆) အနုလုံနှင့်ပဋိလုံ၊ ပုစ္ဆာနှင့် ဝိသဇ္ဇနာ၊ သန္နိဋ္ဌာန်နှင့် သံသယ အစုံစုံပြု၍ ဟောကြားသော "ယမိုက်ကျမ်း"၊



(၇) အကြောင်းအမျိုးမျိုးကိုလည်းကောင်း၊ ကုသိုလ်စသောတရားတို့ကို ၂၄ ပစ္စည်းတို့ဖြင့် လည်းကောင်း ဝေဖန်ဟောကြားပြီး သဗ္ဗညုတဉာဏ်တော်၏ကျက်စားရာဖြစ်သည့် "ပဋ္ဌာန်းကျမ်း" ဟူ၍ ခုနစ်ကျမ်း ရှိပါသည်။

အဆိုပါ အဘိဓမ္မာတရားတော်သည်-

(၁) မြတ်စွာဘုရားရှင်က သန္တုသိတမည်သော မယ်တော်မိနတ်သားအား ကျေးဇူးဆပ်သည့်အနေဖြင့် ဟောကြားတော်မူသော တရားဖြစ်ခြင်း၊

(၂) တာဝတိံသာနတ်ပြည်၌ ဟောကြားတော်မူသော တရားဖြစ်ခြင်း၊

(၃) မြတ်စွာဘုရားသည် ဝါတွင်းသုံးလပတ်လုံး ဟောကြားတော်မူခြင်း၊

(၄) ပကတိမြတ်စွာဘုရားနှင့် နိမ္မိတဘုရားရှင်တို့သည် တစ်လှည့်စီ ဟောကြားတော်မူခြင်း

ဟူသည့် ထူးခြားချက်လေးမျိုးနှင့် ပြည့်စုံပါသည်။ ထို့ပြင် အဘိဓမ္မာတရားတော်သည် ပါဠိ၏နက်နဲခြင်း၊ သဘောအဓိပ္ပာယ်၏ နက်နဲခြင်း၊ ဟောကြားပုံအစီအစဉ်၏ နက်နဲခြင်း၊ ဉာဏ်တော်၏ နက်နဲခြင်းဟူသော ဂမ္ဘီရ လေးမျိုးနှင့်လည်း ပြည့်စုံပါသည်။

အဘိဓမ္မာတရားတော်ကို ရွတ်ဖတ်ပူဇော် သင်ကြားနာယူရခြင်းကြောင့်-

(၁) လင်းနို့သားဖြစ်ခဲ့ဖူးသော ရဟန်းတော်များကဲ့သို့ နာမရူပ ပရိစ္ဆေဒဉာဏ်ရင့်သန်စေခြင်း၊

(၂) မဂ်ဖိုလ်နိဗ္ဗာန်ရောက်ရန် လမ်းကြောင်း အထောက်အပံ့ကောင်းရနိုင်ခြင်း၊

(၃) ဘေးဥပဒ်အန္တရာယ်ကင်းဝေးစေခြင်း၊

(၄) ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံစေခြင်း စသည့် အကျိုးတရားများ ရရှိနိုင်ကြပေသည်။

ဤသီတင်းကျွတ်လပြည့်နေ့တွင် ရဟန်းသံဃာတော်များအနေဖြင့် ဘုရားရှင်၏ ဝိနည်းဒေသနာတော်အရ ပဝါရဏာပွဲတော်ကျင်းပကြသည်။ ပဝါရဏာဟူသည် ဖိတ်ကြားခြင်း၊ တောင်းပန်တိုက်တွန်းခြင်း အဓိပ္ပာယ်ရသည်။ ရဟန်းသံဃာတော်အချင်းချင်း အပြန်အလှန် ဖိတ်ကြားသည့် (ဝါ) တိုက်တွန်းတောင်းပန်ကြသည့်ပွဲ ဖြစ်လေသည်။ ပဝါရဏာပွဲတွင် သိက္ခာဝါအကြီးဆုံး မထေရ်ကြီးက-

**"ငါ့ရှင်တို့ တပည့်တော်သည် သံဃာကို ဖိတ်ကြားပါ၏။ တပည့်တော်၏အပြစ်ကို မြင်သော်လည်းကောင်း၊ ကြားသော်လည်းကောင်း၊ သံသယရှိသော်လည်းကောင်း တပည့်တော်အား သနားသောအားဖြင့် ပြောဆိုသတိပေးကြပါ။ အပြစ်ကိုရှု၍ ကုစားပါမည်"** ဟု သုံးကြိမ်တိုင်တိုင် သံဃာအား ဖိတ်ကြားတိုက်တွန်းရ၏။ ထို့နောက် ထေရ်စဉ်၊ ဝါလိုက် သံဃာကုန်သည်အထိ သုံးကြိမ်စီ ရှိသေစွာ ဖိတ်ကြားကြရ၏။ ဖိတ်ကြားပြီးတိုင်း ကျန်သံဃာများက သာဓုသုံးကြိမ် ခေါ်ကြရ၏။ သံဃာအားလုံး ဖိတ်ကြားပြီးသည့်အခါ တစ်ခါတစ်ရံ အကြီးဆုံး သံဃာ့နာယကမထေရ်ကြီးက သံဃာများအား ဩဝါဒစကား မိန့်ကြားတော်မူလေ့ရှိပေသည်။ ဤသို့ ရဟန်းသံဃာတော်များအချင်းချင်း အပြန်အလှန် ဖိတ်ကြားတိုက်တွန်းသောပွဲကို ပဝါရဏာပွဲဟု ခေါ်ပါသည်။

ဤသို့ ထူးခြားမှုအဖုံဖုံ ဂုဏ်အမျိုးမျိုးတို့ဖြင့် ပြည့်စုံလှသည့် ဤသီတင်းကျွတ်လပြည့်နေ့၌ မြတ်ဗုဒ္ဓသည် တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူပြီးနောက် သင်္ကဿနဂိုရ်ပြည်သို့ ပြန်လည်ကြွမြန်းလာပုံ၊ လူတို့ကလည်း ဆီမီးများပူဇော်ထွန်းညှိ ကြိုဆိုကြပုံတို့ကို ရည်မှန်းကာ မြတ်စွာဘုရားဟောကြားတော်မူသည့် အဘိဓမ္မာတရားတော်ကို ရွတ်ဖတ်ပူဇော်သင်ကြားနာယူကြလျက် ဘေးဥပဒ်အန္တရာယ်ကင်းဝေးပြီး ကျက်သရေမင်္ဂလာ အဖြာဖြာတို့ဖြင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သလိုက်ရပါသတည်း။ ။

## ပွဲတော်ညသို့ . . . နွဲပျော်ကြစို့

✳ တူရာသီတွင်း၊ လမင်းနှင့်ယှဉ် . . .
အသဝနီနက္ခတ်၊ လင်းဓာတ်
ထွန်းတောက်စဉ် . . .
လောကတစ်ခွင်၊ ကြည်လင်လှပ . . .
ကြာဖြူကြာနီ . . . စီရရီ . . .
လှုပ်လီယိမ်းနွဲ့ကသည့်နှင့်လေး . . . ။

✳ မိုးနှောင်းသမယ၊ ပသာဒရှင်းပေ . . .
ဆောင်းဦးစခဲ့၊ နွေးတဲ့ရောင်ခြည်နေ . . .
ကြည့်မဆုံးလေ၊ လယ်မြေတစ်လွှား . . .
ကောက်ပင်ဝေဆာ၊ စိမ်းလန်းဖြာ . . .
မြကမ္ဗလာ ခင်းထားသည်နှင့်လေး . . . ။

✳ မြတ်စွာဘုရား၊ တရားဒေသနာ . . .
ဟောပြီးဆင်းသက်၊
မိုးထက်တာဝတိံသာ . . .
လူ့ပြည်လူ့ရွာ၊ ရှုကာမငြီး . . .
စည်ကားဆုယူ၊ ဤဇမ္ဗူ . . .
နတ်-လူပူဇော်မီး . . . ပန်းနှင့်လေး . . . ။

✳ ခြိမ့်ခြိမ့်သဲသဲ၊
အငြိမ့်လည်းမကျန် . . .
တိုး၍မပေါက်၊ တောက်လျှောက်
လူပြည့်လျှံ . . .
စုဝေးဆုံညီ၊ မိုးပျံမီးပုံး . . .
ဆင်၊နဂါးရုပ်စုံ၊ အဖုံဖုံ . . .
တွေ့ကြုံအံ့သြမဆုံးသည်နှင့်လေး . . . ။

✳ မြန်မာ့ဓလေ့ထုံး၊ တောလုံးမြို့လယ် . . .
သက်ကြီးဘွားဘိုး၊ ရှိခိုးဝပ်ချမယ် . . .
မြို့ဦးကျောင်းဝယ်၊ လှူဖွယ်ဝတ္ထု . . .
သီလယူနေ၊ ကောင်းမှုဖွေ . . .
အမျှဝေသာဓုခေါ်သည်နှင့်လေး . . . ။

✳ မချွတ်ယွင်းရာ . . .
ကောင်းခြင်းမင်္ဂလာ တရားနှင့်အညီ . . . ။

✳ ကျွတ်သီတင်းအခါ . . .
ပေါင်းသင်းရွှင်စရာများဖြင့်စည် . . . ။ ။

**ရဲမြင့်နောင်**

## မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၁**

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းမှ ကြီးမှူး၍ Domain Name Server Security နှင့် Internet Routing ဆိုင်ရာနည်းပညာအသစ်များကို သိရှိလာစေရန်နှင့် အသုံးပြုတတ်စေရန် အောက်တိုဘာ ၂၇ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ် ပင်မဆောင်ရှိ အခန်း(၂၀၅)တွင် ရှင်းလင်းဟောပြောမည်ဖြစ်သည်။

အဆိုပါ ဆွေးနွေးဟောပြောပွဲသို့ စိတ်ဝင်စားသူမည်သူမဆို အခမဲ့တက်ရောက်ဆွေးနွေးနိုင်သည်။ အသေးစိတ် သိရှိလိုပါက မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းရုံးခန်း အဆောင်(၄) အခန်း(၄) Website www.mcpamyanmar.org ဖုန်း-၆၅၂၂၇၆နှင့် ၇၃၀၈၈၃၀၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

(ကြေးမုံ)

# ဝန်ကြီး ဦးသိန်းညွန့် မြောင်းမြမြို့နယ်ရှိ ကတ္တရာလမ်းသစ်ဖွင့်ပွဲ တက်ရောက် မအူပင်-တွံတေးကားလမ်း အဆင့်မြှင့်ဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၁

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်သည် အောက်တိုဘာ ၁၁ ရက် နံနက် ၈ နာရီခွဲတွင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သော မြောင်းမြမြို့နယ် ကွယ်လွယ်ကျေးရွာ ပြည်လုံးချမ်းသာ ဆုတောင်းပြည့်ဘုရားလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးပြီး ကတ္တရာလမ်းသစ်တစ်လျှောက် လှည့်လည်ကြည့်ရှုကြသည်။**

အဆိုပါ ကွယ်လွယ်ကျေးရွာ ပြည်လုံးချမ်းသာ ဆုတောင်းပြည့်ဘုရားလမ်း ကတ္တရာလမ်းသစ်သည် လမ်းအရှည် ပေ ၁၃၀၀၊ အကျယ် ၁၂ ပေရှိပြီး မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အဖွဲ့ရန်ပုံငွေဖြင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်သည်။ ယင်းကတ္တရာလမ်း ဖောက်လုပ်ပေးနိုင်ခဲ့ခြင်းကြောင့် မြောင်းမြမြို့၏ ပတ်ဝန်းကျင်ကျေးရွာများ ဖြစ်ကြသော ကွယ်လွယ်၊ စက္ကော့၊ ကံကုန်း၊ ကွမ်းခြံ၊ ဇီးဖြူချောင်း၊ ရိုးဆိပ်၊ အရှေ့ကုန်း၊ ဗမော်သုံးခွ၊ ရွာသစ်၊ မရမ်းချောင်း၊ ကျောက်အိုင်၊ ဝဲဒေါင့်အရှေ့၊ ကံသစ် စသည့် ကျေးရွာ ၁၄ ရွာနေ ကျေးလက်လူထု ၈၃၀၀ တို့သည် ယင်းလမ်းကို အသုံးပြုကာ မြောင်းမြ-ရန်ကုန် ကားလမ်းမကြီးသို့လည်းကောင်း၊ မြောင်းမြကူးတို့ဆိပ်မှ မြောင်းမြမြို့သို့ လည်းကောင်း လျင်မြန်လွယ်ကူချောမွေ့စွာ ရာသီမရွေးသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဝန်ကြီးသည် ညောင်တုန်းမြို့(၁၂)လမ်းထိပ် ပန်းလှိုင်မြစ်ကမ်းပါး ကျောက်စီတမံနေရာသို့ရောက်ရှိပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ညောင်တုန်းမြို့ မြစ်ကမ်းပါး ထိန်းသိမ်းရေးကော်မတီဝင် မြို့မိမြို့ဖများနှင့်အတူ ကျောက်စီတမံ ဆောက်လုပ်ထားရှိမှု ရေလမ်းကြောင်းအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီး ဦးသိန်းညွန့်သည် အောက်တိုဘာ ၁၉ ရက် မွန်းလွဲပိုင်းတွင် မအူပင်-တွံတေးကားလမ်း တွံတေးမြို့ မြဂိုးကျေးရွာရှိ လမ်းလုပ်ငန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ မအူပင်-တွံတေးကားလမ်းပိုင်း လှိုင်းတာရေတံခါးမှ ခတ္တိယတံတားအထိ လမ်းအရှည် (၈/၁)မိုင်ကို လမ်းအကျယ် ၁၈ ပေရှိ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်နေမှု၊ မြဂိုးကျေးရွာမှ တွံတေးတံတားအထိ (၈/၃) မိုင်ရှိ လမ်းအပိုင်းအား မြေသားလမ်းဖောက်လုပ်နေမှုနှင့် တံတားငါးစင်း ဆောက်လုပ်နေမှုအခြေအနေများကို စည်ပင်သာယာရေးဦးစီးဌာန ဒုတိယအင်ဂျင်နီယာချုပ် ဦးကျော်စိုးက ရှင်းလင်း တင်ပြသည်။

ထို့နောက် ဝန်ကြီးက ကျောက်လမ်းမခင်းရသေးသည့် မြေသားလမ်းပိုင်းအား မိုးရာသီအတွင်း အသုံးပြုနိုင်ရန် ကျောက်လမ်းခင်းခြင်း အမြန်ဆောင်ရွက်ရန်၊ ရာသီဥတု ကောင်းမွန်သည်နှင့် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း စတင်ရန်၊ ယခင်ပျက်စီးနေသည့် ကျောက်လမ်းအပိုင်းများကို တစ်ပြိုင်တည်းပြုပြင်သွားရန်နှင့် တံတားများအား သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းအမီ ပြီးစီးအောင် တည်ဆောက်သွားရန် မှာကြားကာ လိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။





**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့် မြောင်းမြမြို့နယ် ကွယ်လွယ်ကျေးရွာ ပြည်လုံးချမ်းသာ ဆုတောင်းပြည့်ဘုရားလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးစဉ်။** (သတင်းစဉ်)

မအူပင်-တွံတေးလမ်းပိုင်း လှိုင်းတာရေတံခါးမှ ခတ္တိယတံတားအထိ လမ်းအရှည် (၈/၁)မိုင်ကို ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူ ဆောင်ရွက်လျက်ရှိရာ ကျောက်ချောလမ်း တစ်မိုင်ခန့် ပြီးစီးပြီဖြစ်ပြီး မြဂိုးကျေးရွာမှ တွံတေးတံတားအထိ(၈/၃)မိုင်ရှိ လမ်းအပိုင်းကို ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့က မြေသားလမ်းအသစ် စတင်ဖောက်လုပ်ခြင်းနှင့် တံတားငါးစင်း ဆောက်လုပ်လျက်ရှိရာ မြေသားလမ်း လမ်းအရှည် ခြောက်မိုင်ခန့်၊ တံတားလုပ်ငန်း ၅၀ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး လမ်းများကို ပွင့်လင်းရာသီတွင် လမ်းအကျယ် ၁၈ ပေရှိ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းပိုင်းများ ဖောက်လုပ်ပြီးစီးပါက မအူပင်မြို့မှ ရန်ကုန်မြို့သို့ မအူပင်-ခတ္တိယတံတား - တွံတေး(မြဂိုးကျေးရွာ) - တွံတေးတံတား - ရန်ကုန်(လှိုင်သာယာ) လမ်းကြောင်းအတိုင်း ကတ္တရာလမ်း အကျယ် ၁၈ ပေ၊ လမ်းအရှည် ၃၆ ဖာလုံရှိ ဒုတိယဆက်သွယ်ရေးလမ်းတစ်လမ်း ပေါ်ပေါက်လာမည်ဖြစ်သည်။ ရန်ကုန်-မအူပင် မူလလမ်းကြောင်းဖြစ်သည့် လမ်းအရှည် ၅၁ မိုင်ရှိ ရန်ကုန်-ဆားမလောက်-ကဗိုင်း လမ်းခွဲ-မအူပင်လမ်းကြောင်းထက် အကွာအဝေး ၁၅ မိုင်ခန့် လျော့နည်းသွားမည့် ကတ္တရာလမ်းသစ်ကြီး ပေါ်ထွန်းလာမည်ဖြစ်သဖြင့် ဒေသထွက်ကုန်များ ရန်ကုန်မြို့သို့ လွယ်ကူလျင်မြန်စွာ ပို့ဆောင်နိုင်မည်ဖြစ်သည့်အပြင် ဒေသခံပြည်သူများအတွက် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးအခြေအနေများ များစွာတိုးတက်မြင့်မား လာစေမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

## မြန်မာနိုင်ငံ ပြန်တမ်း

နေပြည်တော် အောက်တိုဘာ ၂၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးအေးမင်းသိန်းအား ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(သတင်းစဉ်)

## ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၁**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် နေပြည်တော်ရှိ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနရုံး(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမန်းစိုးဟန်၊ ညွှန်ကြားရေးမှူးများနှင့် ဒုတိယညွှန်ကြားရေးမှူးများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တိုင်းဦးစီးမှူးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ခေတ္တညွှန်ကြားရေးမှူးချုပ်က လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေးနှင့် ဦးစီးဌာန၏ လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။ **(ယာပုံ)** ထို့နောက် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တိုင်းဦးစီးမှူးများက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြရာ ညွှန်ကြားရေးမှူးများက ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။ ထို့နောက် ခေတ္တညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)



## မြောက်ဥက္ကလာပ အထက(၁) ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပ အထက(၁) ကျောင်းသားဟောင်းများ၏ (၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် အထက(၁) မြတ်ခရေခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် အထက(၁) သုခမိန်စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ ထာဝရငွေပဒေသာပင် ထိန်းသိမ်းစောင့်ရှောက်ရေး ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးအောင်ကြည်မြင့်က ဆွေးနွေးတင်ပြပြီး တက်ရောက်လာသူများက အကြံပြုဆွေးနွေးကြသည်။

**ဒုတိယအကြိမ်**

ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ရာ အလှူငွေများ လှူဒါန်းလိုပါက အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ ဦးအောင်ကြည်မြင့် ဖုန်း-၂၅၂၇၇၇၊ ၀၉-၅၁၉၇၇၇၇၊ ဦးအေးကို၊ ဦးချိုအေး (ACA) ဖုန်း-၆၉၁၁၂၃၊ ၀၉-၈၀၂၀ ၄၀၀၀၊ ဦးစိန်ဝင်း ဖုန်း-၀၉-၅၀၂၇ ၅၇၇၊ ဦးစိုးသန်း ဖုန်း-၇၃၀၆၃၃၅၀၊ ၅၅၈၆၉၈၊ ဦးချစ်အောင် ဖုန်း - ၇၃၀၂၂၀၆၂၊ ကိုတင်စိုး ဖုန်း-၅၃၀၇၇၄၊ ၀၉-၅၀၉၀ ၃၉၄၊ ကိုသန့်ဇော် ဖုန်း-၀၉-၅၁၃ ၉၁၄၅၊ ဒေါ်လှသိန်း ဖုန်း-၆၉၁၁၈၂၊ ၇၃၀၁၀၅၅၈ နှင့် ဒေါ်ဆောင်းသီတာ (သက်လုံအထူးကုဆေးခန်း) ဖုန်း-၆၉၀၂၂၇၊ ၀၉-၅၀၀၄ ၁၁၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)





**ဒိုက်ဦးမြို့နယ်လုံးကျွတ် အမကများ အာစရိယပူဇော်ပွဲ ကော်မတီနာယက ဦးဝင်းကြည်နှင့် ပူဇော်ပွဲကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်သန်းတို့ ဒိုက်ဦးမြို့ ကန်ဦး အထက ပညာရေးပဒေသာပင် ဖောင်ဒေးရှင်း သင်တန်းခန်းမဆောက်လုပ်ရေး အတွက် အလှူငွေကျပ် ၇၅၀၀၀၀ ကို ဖောင်ဒေးရှင်းနာယက ဦးဝင်းစိန် (ရန်ကုန်) နှင့် အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်မြင့်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)

## (၁၉)ကြိမ်မြောက် ခရမ်းမြို့နယ် အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၁**

ခရမ်းမြို့ အမှတ်(၁)နှင့် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတို့၌ ပညာသင်ကြားပေးခဲ့ကြသော အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား (၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ ရက်(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ခရမ်းမြို့၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပူဇော်ကန်တော့ပွဲသို့ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ဆက်သွယ်လှူဒါန်းလိုပါက ဦးစောဝင်း ဖုန်း-၀၅၆-၃၀၁၉၄၊ ဦးနိုင်လင်း-ဖုန်း-၀၉-၈၆၄၅၆၃၆၊ ဦးအောင်ကျော်ဆွေ ဖုန်း-၀၉-၈၆၄၅၇၀၇၊ ဦးသက်ထွန်းဦး ဖုန်း-၀၉-၄၉၂၃၂၄၂၈၊ ဦးအေးကို ဖုန်း-၀၅၆-၃၀၁၄၅၊ ဦးမောင်ရွှေ ဖုန်း-၀၉-၅၀၀ ၇၁၆၂၊ ဦးသန်းငြိမ်း ဖုန်း-၀၉-၅၁၀၉၄၃၁၊ ဦးသောင်းတင် ဖုန်း-၀၁-၂၀၀၄၆၉ နှင့် ဦးဝင်းဇော်မိုး ဖုန်း-၀၉-၈၆၀၅၄၄၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

**ကြူကုတ်(ပန်ဆိုင်း) မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ဘုံကျောင်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းအတွက် လမ်းခင်းကျောက်များ စုဆောင်းထားရှိမှုကို အောက်တိုဘာ ၁၅ရက်က အမှုဆောင်အရာရှိ ဦးဝင်းမြင့် စစ်ဆေးစဉ်။**

(မြို့နယ်စည်ပင်)



အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများ အခြေခံလုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၂/၂၀၁၀) ဖွင့်ပွဲ၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# ဝန်ကြီး ဦးခင်မောင်မြင့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများ အခြေခံလုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၂/၂၀၁၀) ဖွင့်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော် အောက်တိုဘာ ၂၁

**အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် အောက်တိုဘာ ၂၀ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးရုံး သင်တန်းခန်းမ၌ ကျင်းပသော မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများ အခြေခံလုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၂/၂၀၁၀) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။**

### တက်ရောက်

အဆိုပါသင်တန်းဖွင့်ပွဲသို့ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမြင့်သိန်းနှင့် ဦးတင့်ဆွေ၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) ဒေါက်တာစန်းဦး(ကျွမ်းကျင်သူ)၊ လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဇော်၊ တာဝန်ရှိသူများနှင့် သင်တန်းသားသင်တန်းသူ ၄၀ တို့ တက်ရောက်ကြသည်။

အစီအစဉ်အရ ဝန်ကြီး ဦးခင်မောင်မြင့်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အဆိုပါ သင်တန်းကို ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ရန်ကုန်တက္ကသိုလ် ၁၉၇၃-၇၄-၇၅ ခုနှစ် ဘူမိဗေဒတွဲ့ရ ကျောင်းသား၊ ကျောင်းသူများ ပဉ္စမအကြိမ် အာစရိယပူဇော်မည်

ရန်ကုန် အောက်တိုဘာ ၂၁

ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်မှ ဘူမိဗေဒအဓိကဖြင့် ၁၉၇၃-၇၄-၇၅ ခုနှစ်များတွင် ဘွဲ့ရရှိခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများ၏ ပဉ္စမအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၁၁ခုနှစ် ဇန်နဝါရီ ၂ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီးရှိ Western Park Royal ၌ ကျင်းပမည်ဖြစ်၍ နှစ်အလိုက် ကျောင်းနေဖက်သူငယ်ချင်းများ တက်ရောက်ကုသိုလ်ယူကြရန် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီက ဖိတ်ကြားထားသည်။

အလှူငွေ ပါဝင်လှူဒါန်းလိုသူများသည် ဦးမြင့်သိန်းတင် (၇၃) ဖုန်း-၀၉-၅၀၀၉၆၄၃၊ ဦးညိမ်းမောင် (၇၃) ဖုန်း-၀၉-၅၁၁၃၉၃၀၊ ဦးအောင်ခင်-ဒေါ်ခင်ရွှေဇင်ဦး (၇၃) ဖုန်း-၀၉-၅၀၀၀၇၅၀၊ ဦးလှမြင့် (၇၃) ဖုန်း-၇၃၀၉၆၅၄၀၊ ဦးသိန်းဇံ (၇၃) ဖုန်း-၀၉-၈၀၂၄၂၇၂၊ ဦးရီစိန်- ဒေါ်တင်တင်အေး (၇၄) ဖုန်း-၀၉-၅၀၄၀၄၁၁နှင့် ၀၉-၈၆၂၈၀၈၀၊ ဦးစိုးမြင့်အောင် (၇၄) ဖုန်း-၀၉-၅၀၁၀၂၀၉၊ ဦးအောင်ပြုံး (၇၄) ဖုန်း-၀၉-၅၁၉၈၀၃၀၊ ဦးအောင်ကျော်ခိုင် (၇၄) ဖုန်း-၀၉-၅၀၁၂၈၆၈၊ ဦးစိုးကြင်- ဒေါ်ခင်မမ (၇၅) ဖုန်း-၀၉-၅၀၁၁၂၃၃၊ ၀၉-၅၁၃၈၈၉၉၊ ဒေါ်ခင်ဝင်းကြည် (၇၅) ဖုန်း-၀၉-၅၀၆၀၆၂၄နှင့် ဒေါ်စန်းစန်းဝင်း (၇၅) ဖုန်း-၆၈၂၂၆၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၈ရက်က ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး မီးဘေးလုံခြုံရေးအတွက် ဇာတ်တိုက်လေ့ကျင့်နေမှုကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)

## PACIFIC DIGITAL PHOTO SERVICE & DIGITAL CAMERA SHOP
## သီတင်းကျွတ်ပွဲတော် အထူးအစီအစဉ်

**ရန်ကုန် အောက်တိုဘာ ၂၁**

PACIFIC DIGITAL PHOTO SERVICE & DIGITAL CAMERA SHOP ဓာတ်ပုံကူးဆိုင်များသည် ဓာတ်ပုံပညာရှင်များ၊ ဝါသနာရှင်များ၊ အပျော်တမ်း ဓာတ်ပုံဆရာများနှင့် အနယ်နယ် အရပ်ရပ်မှ ဓာတ်ပုံဆိုင်များ၏ အားပေးမှုကြောင့် ခေတ်မီ ဒီဂျစ်တယ်ဓာတ်ပုံ ကူးစက်များဖြင့် ခုအပ်ခုယူ အမြန်ဆုံးကူးစနစ်ဖြင့် တစ်နေရာတည်းတွင် ဓာတ်ပုံလုပ်ငန်းအားလုံးကို ဝန်ဆောင်မှုပေးခဲ့ရာ ၂၁ နှစ် ရှိခဲ့ပြီဖြစ်သည်။**(အောက်ပုံ)**

PACIFIC DIGITAL PHOTO SERVICE & DIGITAL CAMERA SHOP ၏ ၂၁ နှစ်မြောက် ငွေရတုအကြို သီတင်းကျွတ်ပွဲတော် အထူးအစီအစဉ်ကို အောက်တိုဘာ ၂၃ ရက်မှ နိုဝင်ဘာ ၂၃ ရက်အထိ ဒီဂျစ်တယ်ကင်မရာ အရောင်းဆိုင်နှင့် ဓာတ်ပုံကူးဆိုင်များ၌ ကျင်းပမည်ဖြစ်သည်။

PACIFIC DIGITAL PHOTO SERVICE & DIGITAL CAMERA SHOP များတွင် မီနီကင်မရာအမျိုးမျိုး၊ အပျော်တမ်းသုံး DSLR ကင်မရာများ၊ ပညာရှင်၊ ဝါသနာရှင်သုံး အဆင့်မြင့် DSLR ကင်မရာများ၊ မီနီ VIDEO ကင်မရာများ၊ လုပ်ငန်းသုံး ဗီဒီယိုကင်မရာများ စသည်တို့နှင့် တွဲဖက်အသုံးပြုနေသော ပစ္စည်းများ၊ ဓာတ်ခဲနှင့် MEMORY CARD များကို သီတင်းကျွတ်ပွဲတော်ရက်အတွင်း မေတ္တာလက်ဆောင် ပစ္စည်းများဖြင့် တွဲဖက်ရောင်းချပေးမည်ဖြစ်သည်။

မီနီဒီဂျစ်တယ်ကင်မရာ တစ်လုံး ဝယ်ယူအားပေးသူများအား 2. GB MEMORY CARD တစ်ခု လက်ဆောင်ပေးမည်ဖြစ်သည်။ ၄ လက်မ × ၆ လက်မအရွယ် ပုံ ၁၀၀ ကူးသူများအား ၄လက်မ ×၆လက်မ ၁၀ပုံ (သို့မဟုတ်) ၁၀လက်မ × ၁၄လက်မ အရွယ် ပုံကြီးတစ်ပုံ၊ ဖလင်ကင်မရာ အသုံးပြုသူများအတွက်လည်း ဖလင်သုံးလိပ်ကူးလျှင် ဖလင်တစ်လိပ် မေတ္တာလက်ဆောင်ပေးမည်ဖြစ်သည်။

PACIFIC DIGITAL PHOTO SERVICE & DIGITAL CAMERA SHOP များနှင့် ဆက်သွယ်ဆောင်ရွက်လိုပါက ဆိုင် (၁) အမှတ် (၁၈၅ / ၁၈၇) အနော်ရထာလမ်း ရန်ကုန်မြို့ ဖုန်း-၂၄၁၀၇၃ နှင့် ၃၈၃၄၀၆၊ ဆိုင် (၂) အမှတ် ( ၁၇၇/ ၁၇၉) အနော်ရထာလမ်း (၃၃)လမ်းထောင့် ရန်ကုန်မြို့ ဖုန်း-၃၈၅၁၇၃၊ ဆိုင် (၃) အမှတ် (၄၅၃) မဟာဗန္ဓုလလမ်း (၃၂) လမ်းထောင့် မီးပွိုင့်အနီး ရန်ကုန်မြို့၊ ဆိုင် (၄) အခန်း (၇) တိုက် (၁) အင်းစိန်လမ်းမ လှည်းတန်းလမ်းဆုံ ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၂၆၉၄၇နှင့် ၇၃၀၀၃၄၆၈၊ ဆိုင် (၅) အမှတ် (၁၉၈) ဦးချစ်မောင်လမ်း ဆရာစံ မ / အရှေ့ရပ်ကွက် ရန်ကင်းစင်တာအနီး ဗဟန်းမြို့နယ် ဖုန်း-၄၀၁၁၅၇ သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)




## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၂၂-၁၀-၂၀၁၀ (သောကြာနေ့)**
**[၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက်(အဖိတ်နေ့)]**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အင်္ဂုဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ “ရွှေကျင်မြို့ သီတင်းကျွတ်မီးမျှောပွဲ”
- ၈း၁၅ ၇။ ဝါကျွတ်တေးများ
- ၈း၂၀ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈း၃၀ ၉။ အတီးပြိုင်ပွဲ
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ နှောင်းခေတ်တေးပဒေသာ
- ၄း၂၀ ၃။ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၃)အခြေခံပညာဦးစီးဌာန ပဉ္စမအကြိမ်မြောက် ဝတ်ရွတ်ပူဇော်ပွဲ(တတိယဆု) (အထက-၁၊ မှော်ဘီ) (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
- ၄း၄၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
- ၄း၅၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၀၅ ၆။ ဝါကျွတ်တေးများ
- ၅း၁၅ ၇။ “တောင်ပိုင်းရှမ်းမှ သုတဘဏ်တိုက် တောင်ကြီးကိုယ်ပွား သတင်းစာတိုက်”
- ၅း၃၀ ၈။ “ရိုးသားဖြူစင်ကလေးတို့အသွင်”
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၁။ ရသစုံလင် အင်တာနက်ဥယျာဉ်
- ၇း၀၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ကာရန်မဲ့. . . ရင်ခုန်သံ” (အပိုင်း-၆)**
- ၈း၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ် (ဒုတိယအကြိမ်)
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ “ဘယ်လိုမဲပေးကြမှာလဲ” (မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်များ)
- ၁၈။ “လျှပ်တစ်ပြက်ဟာသများ”
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်သူ့နယ်နိမိတ်” (ပထမတွဲ)(အပိုင်း-၃၀)**
- ၂၀။ သီချင်းချစ်သူ (ဆုပန်ထွာ)
- ၂၁။ အစီအစဉ်ပြီး၏။

## ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဟော်ကီပြိုင်ပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၁

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ဒုတိယအကြိမ် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဟော်ကီပြိုင်ပွဲ တတိယလုပွဲကို သိမ်ဖြူမြက်ခင်းတု ဟော်ကီကွင်း၌ ယနေ့ ညနေ ၃ နာရီက ကျင်းပရာ ရခိုင်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

အောက်တိုဘာ ၂၄ ရက် ညနေ ၃ နာရီတွင် ဗိုလ်လုပွဲအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။(၁၉)

**တတိယလုပွဲအဖြစ် ရခိုင်ပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။** (၁၉)



## WEBSITE နှင့် BUSINESS APPLICATION ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၁**

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းတို့က Website of The Year 2010နှင့် Business Application of The Year 2010 ပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲဝင်များသည် မိမိ၏ Project ကို CD နှစ်စုံ ပြုလုပ်၍ Site / Application ၏ ရည်ရွယ်ချက်၊ အကြောင်းအရာ၊ ဈေးကွက်ရရှိမှု အခြေအနေ၊ ထူးခြားချက်၊ အရည်အသွေး၊ နည်းပညာအသုံးပြုမှုနှင့် အကျိုးကျေးဇူးတို့ကို ပြည့်စုံစွာဖော်ပြ၍ လျှောက်လွှာနှင့်အတူ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းရုံးခန်းတို့သို့ ဒီဇင်ဘာ ၁၅ ရက် ရုံးချိန်အတွင်း နောက်ဆုံးထား ပေးပို့ရမည်ဖြစ်ပြီး ဆုရရှိသူများအား ငွေသားဆုတံဆိပ်၊ အသိအမှတ်ပြုလက်မှတ်နှင့်အတူ ၂၀၁၁ ခုနှစ်တွင် ကျင်းပမည့် Myanmar ICT Awards ဆုချီးမြှင့်ပွဲတွင် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ရာ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက www. myanmarictawards.org၊ www. mcpamyanmar.org နှင့် www.mciamyanmar.org တို့တွင် လေ့လာနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)



ဥပ္ပါတသန္တိစေတီတော် ဝတ္တကမြေအတွင်း၌ ပဉ္စမမြောက် ဆင်ဖြူတော်ရတနာ နန္ဒဝတီ အဖော်ဆင်များနှင့်အတူ ပျော်ရွှင်စွာ သွားလာနေထိုင်လျက်ရှိသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

❖**ကျောဖုံးမှ**

လှည့်လည်ဖူးမြော်ကြည်ညိုရာ ပရိသတ်များက ဆင်ဖြူတော်ရတနာအား အစာအာဟာရများ ကျွေးမွေးကြသည်။

ယင်းနောက် ဆင်ဖြူတော်ရတနာသည် ဥပ္ပါတသန္တိစေတီတော် အရှေ့ဘက်အရပ်ရှိ ဆင်ဖြူတော်ရတနာဆောင်သို့ အဖော်ဆင်များနှင့်အတူ ရောက်ရှိရာ တာဝန်ရှိသူများက ဂေဟပဝေသနမင်္ဂလာ (အိမ်တက်မင်္ဂလာ)၊ အနန္တရာယိကမင်္ဂလာ (အန္တရာယ်ကင်းမင်္ဂလာ)၊ ဘတ္တာဘုဥ္စနမင်္ဂလာ (အစာခွံ့မင်္ဂလာ)၊ ရဝိန္ဒုဒဿနမင်္ဂလာ (နေလပြမင်္ဂလာ)နှင့် နာမကရဏမင်္ဂလာ (အမည်မှည့်မင်္ဂလာ)တို့ကို ထုံးတမ်းစဉ်လာနှင့်အညီ ဆောင်ရွက်ကြသည်။

**နန္ဒဝတီ**

ဆင်ဖြူတော် ကြန်အင်လက္ခဏာနှင့် ပြည့်စုံသော ဆင်ဖြူတော်ရတနာ၏ အမည်နာမံမှာ "နန္ဒဝတီ" ဖြစ်သည်။

ဆင်ဖြူတော်ရတနာကို ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်းမှ စက်တင်ဘာ ၂၃ ရက် မွန်းလွဲပိုင်းတွင် ရရှိခဲ့ပြီး ယနေ့တွင် နေပြည်တော်သို့ ရောက်ရှိလာခြင်းဖြစ်သည်။ ဆင်ဖြူတော်၏ အသက်မှာ (၁၈) နှစ်ခန့်ရှိပြီး အရပ်အမြင့် ခုနစ်ပေ တစ်လက်မနှင့် လုံးပတ် ၁၀ ပေ သုံးလက်မရှိသည်။

ယခုအခါ အဆိုပါ ဆင်ဖြူတော်ရတနာ နန္ဒဝတီသည် ယခင် ရောက်ရှိပြီးဖြစ်သည့် ဆင်ဖြူတော် ဘဒ္ဒဝတီ အပါအဝင် အဖော်ဆင်များနှင့်အတူ ဥပ္ပါတသန္တိစေတီတော် ဝတ္တကမြေအတွင်းရှိ ဆင်ဖြူတော်ရတနာဆောင်၌ ပျော်ရွှင်စွာ သွားလာနေထိုင်လျက်ရှိကြောင်း သိရသည်။ (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၂-၁၀-၂၀၁၀ (သောကြာနေ့)**

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်+ဝဋ္ဋသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "ဆရာတော်အရှင်ပုညာနန္ဒ" ဟောကြားတော်မူသောတရားတော်
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၅၁)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၈)**
၈း၅၀ Activities In The City (ဒေါက်တာဂီတလုလင်မောင်ကိုကို ပညာသင်ဆုဒုတိယအကြိမ် ငွေပဒေသာပင်စိုက်ထူလှူဒါန်းခြင်း)
၉း၀၀ နွေးထွေးသောမေတ္တာအိမ်ကလေး (ခိုင်ခန့်၊ အကယ်ဒမီအောင်ခိုင်၊ ဝါဝါအောင်) [ဒါရိုက်တာ-ဝင်းမောင်ရွှေ (Art)]
၉း၂၀ လောကီလောကုတ္တရာ နှစ်ဖြာချမ်းသာဝိသာခါ
၉း၃၅ Movie Talk [မြန်မာအဆွေ(အေဝမ်း) ဦးဘညွန့်]
၁၀း၀၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ "မျက်နှာစိမ်းဆွေ့သည်ရိုက်ကွင်းအမှတ်တရ"
၁၀း၂၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၀း၃၅ စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
၁၁း၀၅ သူတို့ဘဝသူတို့ဟာသ (ဦးရန်အောင်)
၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ် "ဒဏ္ဍာရီထဲကဓား"(အပိုင်း-၁၀)
၁၂း၀၀ စေတနာအပေါင်းခညောင်းဝေဆာ စားသောက်ဖွယ်ရာကမ္ဘာ
၁၂း၃၀ မီးပုံးလှလှ ထွန်းရအောင်
၁၂း၄၀ Activities In The City (အထွေထွေရောဂါများနှင့် အလှအပဆိုင်ရာများအတွက်ရန်ဟီး)
၁း၀၀ "ဆရာတော်အရှင်ပုညာနန္ဒ" ဟောကြားတော်မူသောတရားတော်
၂း၀၀ MRTV-4 သတင်း
၂း၂၀ Style ရှိမှ Star ဖြစ်မယ်
၃း၁၀ Activities In The City (ဒေါက်တာဂီတလုလင်မောင်ကိုကို ပညာသင်ဆုဒုတိယအကြိမ် ငွေပဒေသာပင်စိုက်ထူလှူဒါန်းခြင်း)
၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၅၁)**
၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၁၈)**
၅း၀၀ MNL Preview
၅း၃၀ MRTV-4 ကာတွန်းအစီအစဉ် "ဒဏ္ဍာရီထဲကဓား"(အပိုင်း-၁၀)
၆း၀၀ MRTV-4 သတင်း
၆း၂၀ Science For All (နျူကလီးယားစွမ်းအင်နှင့်ရေဒီယိုသတ္တိကြွရောင်ခြည်အန္တရာယ်) (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ထွန်းနေစိုး)
၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၅၂)**
၇း၃၀ The Champion of Dance
၈း၀၀ MRTV-4 သတင်း -နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ် -ဘယ်လိုမဲပေးကြမှာလဲ (မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်များ)
၈း၃၀ Wedding Season (Part-1)
၉း၀၅ အနုပညာမိုးကောင်းကင်
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၁၉)**
၁၀း၂၀ ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာငါးဦး၏လက်ရာ) (အပိုင်း-၁)
၁၀း၅၅ အနုပညာရပ်ဝန်းမှရင်ခုန်သံများ "မျက်နှာစိမ်းဆွေ့သည်ရိုက်ကွင်းအမှတ်တရ"
၁၁း၁၅ ဂီတသရုပ်ပြခန်း (ဘောလုံးဘုရင်မဝါကာဝါကာ)
၁၁း၄၀ Activities In The City (အထွေထွေရောဂါများနှင့် အလှအပဆိုင်ရာများအတွက် ရန်ဟီး)
၁၁း၅၅ VJ Choice
၁၂း၂၀ သူတို့ပြောတဲ့သူတို့အကြောင်း (တစ်ခိုင်လုံးရွှေအေးအေးမြင့်နှင့်တွေ့ဆုံခြင်း)
၁၂း၃၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၂း၄၅ နွေးထွေးသောမေတ္တာအိမ်ကလေး (ခိုင်ခန့်၊ အကယ်ဒမီအောင်ခိုင်၊ ဝါဝါအောင်) [ဒါရိုက်တာ-ဝင်းမောင်ရွှေ (Art)]
၁း၁၀ World of Knowledge (Japanese Cowboy)
၁း၅၅ နေရောင်ခြည်မှသည် လျှပ်စစ်စွမ်းအင်ဆီသို့
၂း၁၀ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)
၂း၄၅ Shooting Location (မစန္ဒာအိမ်)
၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၀ မြန်မာမှုလက်ရာပန်းတဉ်းပညာ
၄း၃၀ လောကီလောကုတ္တရာ နှစ်ဖြာချမ်းသာဝိသာခါ
၄း၄၅ မြတ်ဗုဒ္ဓ၏ဩဝါဒပါတိမောက်လာ မြတ်ပဝါရဏာ
၅း၀၀ အစီအစဉ်ပြီး။

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**
**တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း ပြည်ခရိုင်အတွင်းရှိ တပ်နယ်မိသားစုများနှင့် တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၁**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်းသည် ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးထွဋ်နှင့် အဖွဲ့ဝင်များ လိုက်ပါလျက် အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းတွင် ပြည်ခရိုင်အတွင်းရှိ နယ်မြေခံတပ်ရင်းများသို့ သွားရောက်၍ တပ်နယ်အတွင်း ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သက်သာချောင်ချိရေးဆိုင်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ တပ်နယ်မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။





ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း အင်းမတပ်နယ်၌ တပ်နယ်မိသားစုများအား တွေ့ဆုံ အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ထို့နောက် ဗိုလ်ချုပ်လှမင်းသည် အင်းမတပ်နယ်သို့ရောက်ရှိပြီး တပ်ရင်းခန်းမ၌ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည် တပ်နယ်မိသားစုများနှင့် တွေ့ဆုံ အမှာစကား ပြောကြားပြီး တပ်နယ်အတွက် ချီးမြှင့်ငွေများ ပေးအပ်ကာ တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ (သတင်းစဉ်)

# (၄၂)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီး အလေးမပြိုင်ပွဲနှင့် အမျိုးသားတံခွန်စိုက် အလေးမပြိုင်ပွဲများ၏ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၁**

**အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်တို့ ပူးပေါင်း၍ (၄၂)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီး အလေးမပြိုင်ပွဲနှင့် ၂၀၁၀ ခုနှစ် အမျိုးသားတံခွန်စိုက် အလေးမပြိုင်ပွဲများ၏ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၇ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပသည်။**

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ အထွေထွေအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီက အမျိုးသားတံခွန်စိုက် အမျိုးသမီး (၆၃)ကီလိုအထက်ပြိုင်ပွဲ၌ ပထမဆုရ လဲ့လဲ့ဝင်း (မကွေးတိုင်းဒေသကြီး)၊ ဒုတိယဆုရ ကြည်ပြာစံ (ရန်ကုန်တိုင်းဒေသကြီး)နှင့် တတိယဆုရ ခင်မာကြည်(မန္တလေးတိုင်းဒေသကြီး)တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးထင်အောင်ကျော်က ပြည်နယ်နှင့် တိုင်းဒေသကြီး အလေးမပြိုင်ပွဲတွင် အမျိုးသမီး အကောင်းဆုံး အားကစားသမားဆုရ ရန်ကုန်တိုင်းဒေသကြီး အလေးမအသင်းမှ ကေခိုင်(၄၈)ကီလိုတန်းနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအလေးမပြိုင်ပွဲတွင် အမျိုးသား အကောင်းဆုံးအားကစားသမားဆုရ ပဲခူးတိုင်းဒေသကြီး အလေးမအသင်းမှ စည်သူထွန်း(၆၂)ကီလိုတန်းတို့အား လည်းကောင်း၊ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်မြတ်က အမျိုးသားတံခွန်စိုက် အလေးမပြိုင်ပွဲတွင် အမျိုးသမီး အကောင်းဆုံး အားကစားသမားဆုရ အမှတ်(၁) စက်မှုဝန်ကြီးဌာနအလေးမအသင်းမှ အေးသန္တာလွင် (၅၃)ကီလိုတန်းနှင့် အမျိုးသားတံခွန်စိုက်အလေးမပြိုင်ပွဲတွင် အမျိုးသားအကာင်းဆုံး အားကစားသမားဆုရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အလေးမအသင်းမှ မြင့်ကြည် (၆၂)ကီလိုတန်းတို့အား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းလွင်က ပြည်နယ်နှင့် တိုင်းဒေသကြီး အလေးမပြိုင်ပွဲတွင် အမျိုးသမီးအသင်းလိုက် တတိယဆုရ မကွေးတိုင်းဒေသကြီး အလေးမအသင်း၊ အမျိုးသား အသင်းလိုက်ပြိုင်ပွဲတွင် တတိယဆုရ မကွေးတိုင်းဒေသကြီး အလေးမအသင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အလေးမပြိုင်ပွဲတွင် အမျိုးသမီးအသင်းလိုက် ဒုတိယဆုရ ပဲခူးတိုင်းဒေသကြီး အလေးမအသင်းနှင့် အမျိုးသား အသင်းလိုက်ပြိုင်ပွဲတွင် ဒုတိယဆုရပဲခူးတိုင်းဒေသကြီး အလေးမအသင်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က (၄၂)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီး အလေးမပြိုင်ပွဲတွင် အမျိုးသမီး အသင်းလိုက်ပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းဒေသကြီး အလေးမအသင်းနှင့် အမျိုးသားအသင်းလိုက် ပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းဒေသကြီး အလေးမအသင်းတို့အား တံခွန်စိုက်ဒိုင်းဆုကြီးများကို ပေးအပ်ချီးမြှင့်လိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် (၄၂)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီး အလေးမပြိုင်ပွဲ အမျိုးသားအသင်းလိုက်ပြိုင်ပွဲ၌ ပထမရရှိသော ရန်ကုန်တိုင်းဒေသကြီး အမျိုးသားအလေးမအသင်းအား တံခွန်စိုက်ဒိုင်းဆုကြီး ပေးအပ်ချီးမြှင့်စဉ်။**
(သတင်းစဉ်)

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ။**

# တိုင်းမှူး ဗိုလ်မှူးချုပ်စိုးထွန်း တောင်ငူတပ်နယ် နယ်မြေခံတပ်ရင်းရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံပွဲတက်ရောက်

နေပြည်တော် အောက်တိုဘာ ၂၁

**ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးထွန်းသည် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းတွင် တောင်ငူ-ဇရပ်ကြီးလမ်းအပိုင်း လမ်း၊ တံတားများ ကြံ့ခိုင်မှုအခြေအနေနှင့် လမ်းဘေးတစ်လျှောက်ရှိ မိုးစပါးများ စိုက်ပျိုးထားရှိမှု၊ မြို့ရွာများ ဖွံ့ဖြိုးတိုးတက်နေမှုများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် တိုင်းမှူးသည် ဇရပ်ကြီးကျေးရွာအုပ်စု နယ်မြေခံတပ်ရင်း၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံ၍ တာဝန်ရှိသူတစ်ဦးထံ ချီးမြှင့်ငွေပေးအပ်ပြီး တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ဇရပ်ကြီး-တပြေးလမ်းအပိုင်း လမ်းပျက်စီးနေမှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက တောင်ငူ-ဇရပ်ကြီးလမ်း ပြုပြင်ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## Golf Masters Magazine Readers Tournament 2010 (ရန်ကုန်) ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၁**

HAN Golf Masters Pte.,Ltd. က စီစဉ်ထုတ်ဝေသည့် Golf Masters Magazine ကို ဖတ်ရှုအားပေးကြသည့် စာဖတ်ပရိသတ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် Golf Masters Magazine Readers Tournament 2010 (ရန်ကုန်)ဂေါက်သီးရိုက်ပြိုင်ပွဲကို နိုဝင်ဘာ ၃ ရက်တွင် ရန်ကုန်မြို့ရှိ မြန်မာဂေါက်ကလပ်(၉)မိုင်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲသို့ Golf Masters Magazineကို လစဉ်ကြေး၊ နှစ်စဉ်ကြေး ပေးသွင်းဝယ်ယူဖတ်ရှုသူ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိမည်ဖြစ်သည်။

ယင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသည့် အားကစားသမားများသည် နိုဝင်ဘာ ၁ ရက်နောက်ဆုံးထားကာ ၂၀၁၀ ခုနှစ် စက်တင်ဘာလနှင့် အောက်တိုဘာလထုတ် Golf Masters Magazine တွင်ပါရှိသော ပြိုင်ပွဲဝင်ခွင့်ပုံစံ၌ ရေးသွင်း၍ ရန်ကုန်မြို့ရှိ HAN Golf Masters Pro Shops များဖြစ်ကြသော -Yangon Golf Club, YCDC Golf Club, Myanmar Golf Driving Range မရမ်းကုန်းမြို့နယ် ဥက္ကလာလမ်းနှင့် လေဆိပ်လမ်းထောင့် ဖုန်း-၀၁ -၆၅၁၃၇၄၊ ၀၉-၂၀၃၇၆၇၁ နှင့် မြန်မာဂေါက်ကလပ်(၉)မိုင်တို့သို့ စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ဧရာဝတီတိုင်းဒေသကြီး စကမြားအုပ်စု သရက်ကုန်းကျေးရွာရှိ ထွန်းလင်းရတနာဓမ္မရိပ်သာ၌ နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးသန်းဝင်း-ဒေါ်ရှုလျှံ (ထွန်းလင်းရတနာဆန်စက်) မိသားစုက အောက်တိုဘာ ၁ ရက်မှ ၅ ရက်အထိ ပတ်ဝန်းကျင်ကျေးရွာပြည်သူများအား သက်သတ်လွတ်စတုဒိသာ ကျွေးမွေးစဉ်။** (၁၄၁)



## ဘင်္ဂလားပင်လယ်အော်မှ မုန်တိုင်းငယ် စစ်တွေနှင့် ကျောက်ဖြူအနီးမှ ဝင်ရောက်နိုင်

နေပြည်တော် အောက်တိုဘာ ၂၁

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့ အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မကွေးတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** တပ်ကုန်းမြို့တွင် ၁ ဒသမ ၅၀ လက်မ၊ မကွေးမြို့တွင် ၂ ဒသမ ၂၈ လက်မ၊ မင်းဘူးမြို့၊ ပြည်မြို့နှင့် ကော့ကရိတ်မြို့တို့တွင် ၁ ဒသမ ၇၃ လက်မစီ၊ ပင်လောင်းနှင့် သထုံမြို့တို့တွင် ၁ ဒသမ ၆၉ လက်မစီ၊ ခရမ်းမြို့တွင် ၁ ဒသမ ၆၅ လက်မ၊ သံတောင်ကြီးမြို့တွင် ၁ ဒသမ ၅၇ လက်မနှင့် ချောင်းဆုံမြို့တွင် ၁ ဒသမ ၅၄ လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် ကျောက်ဖြူမြို့၏ အနောက်တောင်ဘက် မိုင် ၁၈၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ မုန်တိုင်းငယ်သည် ပိုမိုအားကောင်းလာနိုင်ပြီး ယနေ့မွန်းတည့်မှ နောက် ၃၆ နာရီအတွင်း ရခိုင်ကမ်းရိုးတန်းကို စစ်တွေမြို့နှင့် ကျောက်ဖြူမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းရသည်။ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**အောက်တိုဘာ ၂၂ ရက် ညနေထိခန့်မှန်းချက်။** ။ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ ရခိုင်ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာမည်။

**နေပြည်တော်**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နိုင်ငံတကာအားကစားသတင်း နိုင်ငံတကာအားကစားသတင်း နိုင်ငံတကာအားကစားသတင်း

## ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၃) ပြီးဆုံး အသင်းကြီးများ အုပ်စုကိုဦးဆောင်

**ဝင်းတင် (ကြေးမုံ)**

လန်ဒန် အောက်တိုဘာ ၂၁

**ချန်ပီယံလိဂ် အုပ်စုပွဲစဉ်(၃) ဒုတိယနေ့ပွဲစဉ်များကို ကြာသပတေးနေ့ နံနက်ပိုင်းက ကျင်းပခဲ့ရာ အသင်းကြီးများအားလုံး နိုင်ပွဲကိုယ်စီရရှိကာ အုပ်စုကို ဦးဆောင်နိုင်ခဲ့ကြသည်။**

### အင်တာမီလန် ၄-၃ စပါး

ဘင်နီတက်ဇ် ကိုင်တွယ်သည့် အီတလီထိပ်သီးကလပ် အင်တာမီလန်တွင် ဂျူလီယိုဆီဇာ၊ဇနက်တီ၊ လူစီယို၊ မိုကွန်၊ ဆင်မြူရယ်၊ ချီဗူး၊စတန်ကိုဗစ်၊ ရှနိုက်ဒါ၊ အီတူးစသည့် အဓိက ကစားသမားများပါဝင်လာခဲ့ပြီး စပါးတွင် ဂိုမက်စ်၊ ဟတ်တန်၊ ဘေးလ်၊ ဂါးလက်စ်၊ ဘတ်စ်ဆောင်း၊ အီကော့တို၊ ဟက်ဒယ်စတုန်း၊ လင်နွန်၊ ဂျီးနပ်စ်၊ မော့ဒရစ်၊ ပီတာခရော့ချ်တို့ ပထမပွဲထွက်စာရင်းတွင် ပါဝင်လာခဲ့သည်။

ပထမပိုင်းပွဲအစ ၂ မိနစ်တွင်ပင် အင်တာမီလန်နောက်ခံလူ ဇနက်တီက အင်တာမီလန်အတွက် အဖွင့်ဂိုးကို သွင်းယူနိုင်ခဲ့သည်။ ပွဲချိန် ၈ မိနစ်တွင် စပါးဂိုးသမား ဂိုမက်စ် အနီကတ်ပြစ်ဒဏ်ထိခဲ့၍ ကွင်းလယ်ကစားသမား မော့ဒရစ်ကိုထုတ်ကာ အရန်ဂိုးသမား ကူဒီစီနီကို ထည့်သွင်းကစားခဲ့ရသည်။ အင်တာမီလန်အတွက် ဂိုးများကို ၁၁ မိနစ်တွင် အီတူးက ပယ်နယ်တီမှ ဒုတိယဂိုး၊ ၁၄ မိနစ်တွင် စတန်ကိုဗစ်က တတိယဂိုးနှင့် ၃၅ မိနစ်တွင် အီတူးကပင် စတုတ္ထဂိုးကို သွင်းယူပေးခဲ့သည်။

စပါးအတွက် ချေပဂိုးသုံးဂိုးကို ၅၂ မိနစ်၊ မိနစ် ၉၀ နှင့် နာကျင်အချိန်ပို ၁ မိနစ်တွင် ဘယ်နောက်ခံလူ ဘေးလ်တစ်ဦးတည်းက သွင်းယူခဲ့သည်။

### မန်ယူ ၁-၀ ဘူဆာစပေါ

အရန်ကစားသမားအများစု ပါဝင်ခဲ့သည့် မန်ယူအသင်းသည် အိမ်ကွင်းအိုးထရတ်ဖို့ဒ်တွင် ဘူဆာစပေါကို ပွဲချိန် ၇ မိနစ်တွင် နာနီသွင်းသည့် တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၃)အပြီးတွင် အုပ်စု(A)၌ အင်တာမီလန်က ခုနစ်မှတ်ဖြင့် ပထမ၊ စပါးက လေးမှတ်ဖြင့် ဒုတိယ၊ အုပ်စု (B)တွင် လိုင်ယွန်က ကိုးမှတ်ဖြင့် ပထမ၊ ရှော်ကေးက ခြောက်မှတ်ဖြင့် ဒုတိယ၊ အုပ်စု(C) တွင် မန်ယူက ခုနစ်မှတ်ဖြင့် ပထမ၊ ရိန်းဂျားစ်က ငါးမှတ်ဖြင့် ဒုတိယ၊ အုပ်စု (D)တွင် ဘာစီလိုနာက ခုနစ်မှတ်ဖြင့် ပထမ၊ ကိုပင်ဟောဂင်က ခြောက်မှတ်ဖြင့် ဒုတိယ၊ အုပ်စု(E)တွင် ဘိုင်ယန်မြူးနစ်က ကိုးမှတ်ဖြင့် ပထမ၊ ဘေဆယ်ကသုံးမှတ်ဖြင့် ဒုတိယ၊ အုပ်စု(F)တွင် ချယ်လ်ဆီးက ကိုးမှတ်ဖြင့် ပထမ၊ စပါးတပ်မော်စကိုက ခြောက်မှတ်ဖြင့် ဒုတိယ၊ အုပ်စု (G)တွင် ရီးယဲလ်မက်ဒရစ်က ကိုးမှတ်ဖြင့် ပထမ၊ အေစီမီလန်က လေးမှတ်ဖြင့် ဒုတိယ၊ အုပ်စု (H)တွင် အာဆင်နယ်က ကိုးမှတ်ဖြင့် ပထမ၊ ရှက်တာဒိုးနက်က ခြောက်မှတ်ဖြင့် ဒုတိယရကာ အုပ်စုကို အသီးသီးဦးဆောင်လျက်ရှိသည်။

**အခြားပွဲစဉ်ရလဒ်များ**

| | | |
|---|---|---|
| ဘာစီလိုနာ | ၂ - ၀ | ကိုပင်ဟောဂင် |
| တွမ်တီး | ၁ - ၁ | ဝါဒါဘရီမင် |
| လိုင်ယွန် | ၂ - ၀ | ဘင်ဖီကာ |
| ပင်နာသီယာကော့စ် | ၀ - ၀ | ရှုဘင်ကာဇင် |
| ရိန်းဂျားစ် | ၁ - ၁ | ဗလင်စီယာ |
| ရှော်ကေး | ၃ - ၁ | ဟာပိုးလ်တဲလ်အဗစ် |

*အင်တာနက်။*



**အင်တာမီလန်အတွက် အဖွင့်ဂိုးကို နောက်ခံလူ ဇနက်တီ သွင်းယူစဉ်။**
*(ဓာတ်ပုံ- အင်တာနက်)*

## စိန့်ပေါလ်ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲနှင့် ညစာစားပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၁**

စိန့်ပေါလ်ကျောင်းသားဟောင်းများ၏ (၃၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၂၄ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲတွင် အထက(၆) ဗိုလ်တထောင် အောင်ကျော်ခန်းမ၌ ကျင်းပပြီး ညစာစားပွဲကို ယင်းနေ့ ညနေ ၆ နာရီခွဲတွင် တော်ဝင်နှင်းဆီ စားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်ရာ အလှူငွေများကို ဦးစိုးညွန့်(တော်ဝင်နှင်းဆီ)ဖုန်း-၀၉-၅၀၁၃၆၂၃၊ ဦးသန်းအောင် ဖုန်း-၅၅၆၆၇၇၊ ဦးကျော်ဇေယျ ဖုန်း-၀၉-၅၁၅၃၆၄၀၊ ဦးကျော်လင်း ဖုန်း-၀၉-၅၀၁၅၈၆၀၊ ၇၃၀၆၈၆၈၅၊ ဦးမောင်မောင်မြင့်ကျော် ဖုန်း-၀၉၈၀ ၃၀၅၅၉၊ ဦးချစ်လှိုင် ဖုန်း-၅၆၄၄၈၇၊ ဦးအာသာလိန်း ဖုန်း-၀၉-၅၀၇၆၂၇၈၊ ဦးဝင်းသန်းဦး ဖုန်း-၀၉-၅၁၅၂၇၄၀၊ ဦးကျော်ဦးမြင့် ဖုန်း-၀၉-၈၀၂၀၅၆၅၊ ဦးမင်းထွန်း ဖုန်း-၀၉-၅၁၃၈၀၉၅၊ ဦးမောင်မောင် ဖုန်း-၀၉-၅၀၀၉၉၁၅၊ ဦးသိန်းဆွေ ဖုန်း-၀၉-၅၁၉ ၃၄၃၄၊ ဦးစံရွှေ ဖုန်း-၀၉-၅၀၈၀၃၈၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် Dinner Ticket များကိုလည်း အထက်ဖော်ပြပါ ပုဂ္ဂိုလ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း၊ နံနက်ပိုင်းတွင် ကျင်းပမည့် အာစရိယပူဇော်ပွဲ အခမ်းအနားသို့ တက်ရောက်လာသူအားလုံးကို နေ့လယ်စာထမင်းဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်၍ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ (ကြေးမုံ)

## လျှပ်စစ်ဓာတ်အားသုံးစွဲမှု သတိပြု

လျှပ်စစ်ဓာတ်အားသုံးစွဲရာတွင် လျှပ်စစ်ဝါယာရှော့ဖြစ်ခြင်း (Wire Shock)၊ လျှပ်စစ်ဓာတ်အား မြင့်တက်ခြင်း (Over Loading)၊ ချွတ်ယွင်းပျက်စီးနေသော လျှပ်စစ်ပစ္စည်းများအသုံးပြုခြင်း (Use of Defective Tools and Appliance)၊ မီးအားထိန်းကိရိယာ (Safe Guard) ချွတ်ယွင်း၍ အလိုအလျောက် (Auto) ပြုတ်မကျခြင်းတို့ကြောင့် မီးလောင်မှုများ စတင်ဖြစ်ပွားနိုင်ပြီး မလိုလားအပ်သော ဆုံးရှုံးမှုများ ဖြစ်ပွားနိုင်သဖြင့် လျှပ်စစ်ဓာတ်အား အသုံးပြုရာတွင် ချွတ်ယွင်းပျက်စီးနေသော လျှပ်စစ်ပစ္စည်းများ၊ မီးကြိုးများ မသုံးစွဲကြရန်၊ စံချိန်စံညွှန်းနှင့်ကိုက်ညီသည့် လျှပ်စစ်ပစ္စည်းများကိုသာ သုံးစွဲကြရန်၊ လျှပ်စစ်ပစ္စည်းများကို မီးဒဏ်ခံနိုင်သော နေရာများတွင်သာ တပ်ဆင်၍ အနီးအနားတွင် မီးလောင်လွယ်သောပစ္စည်းများ မထားရှိစေရေး သတိပေးနှိုးဆော်အပ်ပါသည်။



ယူနီဗာဆယ် မျက်မှန်ဆိုင်
မျက်မှန်လေးနဲ့ပန်းချီဖွင့်....ယူနီဗာဆယ်သို့လှမ်းလာခဲ့ပါ
အထူးလျှော့ဈေး (5 % To 35% OFF)
ယူနီဗာဆယ် မျက်မှန်နှင့် မျက်ကပ်မှန်
ဝန်ဆောင်မှု

future
Electrical Engineer
Receptionist

မြန်မာ ICT Student များအတွက် အလုပ်အကိုင်အခွင့်အလမ်းအကောင်းဆုံး၊ အချိန်အတိုဆုံးနှင့် PR ရရှိနိုင်မည့် နိုင်ငံတစ်ခု၏ပညာရေးအကြောင်းဟောပြောပွဲ
Date : 24 October 2010 (Sunday)
Time : 03:00 - 05:00 PM
Venue : Kombaung Tagaung Hall, Traders Hotel
Speaker : Mr. John CC Chen, Education Specialist, (MBA, Indiana University)
Register Now!
Study and work in the world's most peaceful and safest country.
Diploma in ICT is the most demanding in immigration shortage list.
1 year job search visa plus 2 years work visa after study.
SR: An Organisation of Excellence in Oversea Education.
More Information, More Opportunities!
SMART RESOURCES
Phone. 374747, 374748, 09 5428848

ပီမိုးနင်းဝတ္ထုတို ၁၀၀
ပီမိုးနင်းဝတ္ထုတို၁၀၀တွင် မပါသေးသော ပီမိုးနင်းဝတ္ထုတိုများ (၁၊၂၊၃၊၄၊၅) ရနိုင်ပါသည်။
ရွှေပုံ စာအုပ်တိုက်

ကျွန်ုပ်နှင့်

ပန်းသန်းနိုင်
ရန်ကုန် နှင့် နယ်

စီးပွားပန်းခင်း
73009869
73013432
73028433
095118647
သင်္ချာသား
BEST - Basic English Skill Test
Computer

heart
Curtain, Sofa, Furnitures
KTV Room
Ph:73028397, 703485

## ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးငွေဝင်း၏ နိုင်ငံကူး လက်မှတ်အမှတ် ၀၃၅၁၄၅ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။
ဖုန်း-(၀၁)၂၄၁၇၈၆

## ကျေးဇူးဆပ်ပါမည်

ကျွန်မ နော်လူးလူဝင်း၏ PP No. A-072170 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။
ဆက်သွယ်ရန်ဖုန်း-၂၂၀၄၇၂

## သန်လျင်မြို့နယ်၌ မိုးစပါးစံကွက် ရိတ်သိမ်း

ရန်ကုန် အောက်တိုဘာ ၂၁

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်၌ မိုးစပါး(ကောက်စောစပါး) စံကွက် ရိတ်သိမ်းခြင်း အခမ်းအနားကို အောက်တိုဘာ ၈ ရက်က ဘုရားကုန်းကျေးရွာအုပ်စု ကွင်းအမှတ်(၆၆၅/ဘီ) ဦးပိုင်အမှတ်(၃၁/က)ဧရိယာ ၅ ဒသမ ၃၂ဧကရှိ တောင်သူ ဦးအောင်ထွေး၏လယ်မြေ၌ ကျင်းပရာ ခရိုင် စိုက်/တိုး/ မြင့် အဖွဲ့ဝင်များ၊ သန်လျင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘိုထွန်း၊ အတွင်းရေးမှူး ဦးလှအောင်၊ မြေစာရင်းဦးစီးမှူး ဦးပြည့်ဖြိုးထွန်းနှင့် စိုက်/တိုး/ မြင့် အဖွဲ့ဝင်များ၊ မြို့နယ် မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။

စီအမ် (၁) စပါး (သင့်) အဆင့် အတန်းကိုယ်စားပြု စံကွက်ရိတ်သိမ်းရာ တစ်ဧကလျှင် အခြောက်တင်း ၆၀ ဒသမ ၂၆ တင်း ထွက်ရှိကြောင်း သိရှိရသည်။ (ကြေးမုံ)



စက်တင်ဘာ ၂၉ရက်က မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်မိုးအောင်ရပ်ကွက် Box-Culvert ခင်းခြင်းလုပ်ငန်း တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။
(မြို့နယ်စည်ပင်)

## အထက(၂) ပုဇွန်တောင် ဆဋ္ဌမအကြိမ် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၁

အထက(၂) ပုဇွန်တောင်တွင် ၁၉၆၂ ခုနှစ်မှ ၁၉၈၂ ခုနှစ်အတွင်း ပညာသင်ကြားခဲ့ကြသော အသက်(၆၀)ပြည့်ပြီး အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ဆဋ္ဌမအကြိမ် မြတ်ဆရာပူဇော်ပွဲကို နိုဝင်ဘာ ၂၈ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ယင်းကျောင်း တေဇခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဝေးရောက် ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများလည်း ဆက်သွယ်ကြရန်နှင့် လှူဒါန်းလိုပါက ဆရာ ဦးလှဖေ၊ ဆရာမဒေါ်တင်နွဲ့ ဖုန်း-၂၉၆၂၆၈၊ ဆရာမ ဒေါ်ခင်အေးမြ ဖုန်း- ၂၉၇၀၆၇၊ ဦးမောင်မောင်ကြီး ဖုန်း- ၆၆၇၂၉၉၊ ဦးအောင်ခင် ဖုန်း-၃၈၁၁၇၅၊ ၀၉-၅၀၀၀၇၅၀၊ ဦးကြည်စိန် ဖုန်း-၃၉၇၇၇၄၊ ၀၉-၅၁၄၀၃၉၉၊ ဦးတင်စိုး ဖုန်း-၇၂၀၇၀၃၊ ၇၀၄၈၂၇၊ ဦးထွန်းဇော် ဖုန်း- ၅၄၃၄၀၄၊ ဦးအောင်ကျော်မြင့် ဖုန်း-၂၉၁၅၃၅၊ ၂၉၉၀၈၆၊ ဦးအောင်ဝင်း ဖုန်း-၂၄၀၅၀၉၊ ၀၉-၅၀၀၁၄၈၂၊ ဦးထွန်းလွင် ဖုန်း-၇၃၀၅၁၆၂၈၊ ဦးဇော်မင်းဦး ဖုန်း-၀၉-၅၀၀၄၃၇၁ နှင့် ဒေါ်တင်မျိုးကျော် ဖုန်း-၂၉၁၂၇၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။
(သတင်းစဉ်)

ကျွန်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် အနော်ရထာလမ်း နှစ်ဖာလုံ ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းအတွက် ကျောက်ခွဲစုဆောင်းနေမှုကို မြို့နယ်ဥက္ကဋ္ဌ ဦးကျော်မြင့်နှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။
(မြို့နယ်စည်ပင်)



- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

# နေပြည်တော်သို့ ပဉ္စမမြောက် ဆင်ဖြူတော်ရတနာ ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၁

**ပဉ္စမမြောက် ဆင်ဖြူတော်ရတနာသည် အဖော်ဆင်များ ခြံရံလျက် မော်တော်ယာဉ်ဖြင့် ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်သို့ ရောက်ရှိလာသည်။**

ဆင်ဖြူတော်ရတနာအား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်နှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်တို့က အဘိနန္ဒနမင်္ဂလာအဖြစ် အန္တရာယ်ကင်းပရိတ်ရေများ၊ အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်း၍ ကြိုဆိုကြသည်။

ထို့နောက် ဆင်ဖြူတော်ရတနာသည် ဥပ္ပါတသန္တိစေတီတော်အား အဖော်ဆင်များနှင့် အတူ လက်ယာရစ် **စာမျက်နှာ ၉ ကော်လံ ၁ သို့❖**



**ပဉ္စမမြောက် ဆင်ဖြူတော်ရတနာ နန္ဒဝတီအား စတုတ္ထမြောက် ဆင်ဖြူတော်ရတနာ ဘဒ္ဒဝတီနှင့်အတူ ဆင်ဖြူတော်ရတနာဆောင်၌ တွေ့ရစဉ်။** (သတင်းစဉ်)

# ဆိုင်ကလုန်းမုန်တိုင်း ဂီရိ(GIRI) ရခိုင်ကမ်းရိုးတန်းကို ဖြတ်ကျော်ဝင်ရောက်နိုင်

**နေပြည်တော် အောက်တိုဘာ ၂၁**

ယနေ့ ည ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေခဲ့သော ဆိုင်ကလုန်းမုန်တိုင်း"ဂီရိ" (GIRI)သည် အရှေ့မြောက်ဘက်သို့ အနည်းငယ် ရွေ့လျားခဲ့ပြီး ကျောက်ဖြူမြို့၏ အနောက်တောင်ဘက် မိုင် ၁၄၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် ပိုမိုအားကောင်းလာနိုင်ပြီး ယနေ့ညမှ နောက် ၂၄ နာရီအတွင်း ရခိုင်ကမ်းရိုးတန်းကို စစ်တွေမြို့နှင့် ကျောက်ဖြူမြို့ အကြားမှ ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းရသည်။

ဆိုင်ကလုန်းမုန်တိုင်း "ဂီရိ"၏ လက်ရှိအခြေအနေမှာ လိမ္မော်ရောင်အဆင့်ရှိပြီး ရခိုင်ကမ်းရိုးတန်းဘက်ဆီသို့ ဦးတည်ရွေ့လျားမည့် အခြေအနေဟု သတ်မှတ်သည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း၏ အရှိန်ကြောင့် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၅၀ အထိ တိုက်ခတ်နိုင်သည့်အတွက် ပင်လယ်ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်၊ သင်္ဘောများအနေဖြင့် မုန်တိုင်းအန္တရာယ်ကို ကြိုတင်ရှောင်ရှားသင့်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည်။

(သတင်းစဉ်)

## မှတ်သားဖွယ်ရာမိုးရေချိန်များ

၂၂ - ၁၀ - ၂၀၁၀

| | |
|---|---|
| တပ်ကုန်း | ၁ ဒသမ ၅၀ လက်မ |
| မကွေး | ၂ ဒသမ ၂၈ လက်မ |
| မင်းဘူး | ၁ ဒသမ ၇၃ လက်မ |
| ပြည် | ၁ ဒသမ ၇၃ လက်မ |
| ကော့ကရိတ် | ၁ ဒသမ ၇၃ လက်မ |
| ပင်လောင်း | ၁ ဒသမ ၆၉ လက်မ |